မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တူရကီနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၆ခုနှစ် အောက်တိုဘာ၂၉ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာမက်နက်(ခ်)ဒက်၊စီဇာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နမ့်တစ်ဒေသ နှစ်ရှည်ပင်ရော်ဘာ ၄၂၀၅ ဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိ

ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးကြိုးပမ်း

ဌာနဆိုင်ရာတာဝန်ခံများ လုပ်ငန်းတာဝန် ပိုင်ပိုင်နိုင်နိုင် သိရှိနားလည်အောင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၆ရက် နံနက်ပိုင်းက လားရှိုး-သိန္နီ-ကွမ်းလုံ ကားလမ်းဘေး ဝဲ/ယာတစ်လျှောက်၌ မိုးစပါးနှင့် သီးနှံအောင်မြင်ဖြစ်ထွန်းမှုနှင့် လမ်း၊ တံတားပိုင်းဆိုင်ရာအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ကွမ်းလုံခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကွမ်းလုံနှင့် ဟိုပန် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး (၅၃)ကြိမ်မြောက် မိသားစုဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၃)ကြိမ်မြောက် မိသားစုဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ကန်ဦးပရိယတ္တိ စာသင်တိုက်ဓမ္မာရုံ(ရေဆင်း)၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော ကန်ဦးကျောင်းပရိယတ္တိစာသင်တိုက်မှ ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စခန်းမှူးရုံးမှ အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

မြန်မာနိုင်ငံ၌ စားနပ်ရိက္ခာဖူလုံပိုလျှံစွာ စိုက်ပျိုးထုတ်လုပ်နိုင်

မြန်မာနိုင်ငံတွင် လူဦးရေ၅၅သန်းကျော်ရှိသည့်အနက် ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ ကျေးလက်ပြည်သူအများစုသည် လယ်ယာ၊ သားငါး၊ သစ်တောဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆက်စပ်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်က ရေ၊ မြေ၊ သဘာဝသယံဇာတ ကြွယ်ဝမှုအပေါ်မူတည်၍ လယ်ယာစိုက်ပျိုးရေးကို အခြေပြုသည့် စီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန် ဖန်တီးဖော်ဆောင်လျက် ရှိသည်။

နိုင်ငံအတွင်း စိုက်ပျိုးနိုင်သည့် မြေဧရိယာဟက်တာ ၁၈သန်းရှိသည့်အနက် တိုးချဲ့စိုက်ပျိုးနိုင်မည့် မြေဟက်တာ ခုနစ်သန်းခန့် ကျန်ရှိသည်။ မြေသယံဇာတ အရင်းအမြစ်များကို အချိန်တိုအတွင်း တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖွင့်ပေးပြီး အောင်မြင်ဖြစ်ထွန်းနေသည့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကို လယ်ယာကဏ္ဍ၌ ပူးပေါင်းပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးစည်းရုံးဆောင်ရွက်လျက် ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ မြေဧရိယာ ဟက်တာတစ်သန်းကျော်ကို အကျိုးပြုသည့် ဆည်မြောင်းတာတမံ စီမံကိန်းလုပ်ငန်း၁၈၉ခုနှင့် မြစ်ရေတင်လုပ်ငန်းပေါင်း ၂၉၈ခုကို တည်ဆောက်ပေးထားရာ အသားတင်သီးနှံစိုက်ဧရိယာဟက်တာ ၁၂သန်းရှိပြီး ဟက်တာ နှစ်သန်း ကျော်တွင် စပါးနှင့်သီးထပ်သီးညှပ်သီးနှံများ ရေသွင်းစိုက်ပျိုးနိုင်လျက် ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများတွင် သားငါးနှင့် ရေသယံဇာတလုပ်ငန်းသည်လည်း အဓိကကျသည့်အခန်းက ပါဝင်လျက်ရှိသည်။ မြန်မာ့ကမ်းရိုးတန်းနှင့် မြစ်ချောင်း၊ အင်းအိုင်များမှ ငါး၊ ပုစွန်များ စီးပွားဖြစ် မွေးမြူထုတ်လုပ်လျက်ရှိရာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သစ်တောဧရိယာဟက်တာ ၃၃သန်းရှိပြီး နိုင်ငံဧရိယာ၏ ထက်ဝက်ကျော်ကို သစ်တောများ ဖုံးလွှမ်းလျက် ရှိသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ ပဲခူးရိုးမ စိမ်းလန်း စိုပြည်ရေး အပါအဝင် သစ်တောများ ပြုစုပျိုးထောင် ထိန်းသိမ်းနိုင်မှုကြောင့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အကျိုးပြုလျက် ရှိသည်။

နိုင်ငံတော်က လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍအလိုက် ထုတ်လုပ်မှု မြင့်မားလာရေး ပံ့ပိုးဆောင်ရွက်နေမှုနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက လယ်ယာကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာမှုတို့ကြောင့် စားနပ်ရိက္ခာ ဖူလုံပိုလျှံစွာ စိုက်ပျိုးထုတ်လုပ်နိုင်လျက်ရှိပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

တောင်ကိုရီးယား ရုပ်ရှင်လုပ်ငန်းများတိုးတက်ရေး အစိုးရက ဒေါ်လာ ၆၆၇ သန်း ရင်းနှီးမြှုပ်နှံပေးမည်

ဆိုးလ် အောက်တိုဘာ ၂၈

လာမည့်ငါးနှစ်အတွင်း ရုပ်ရှင်လုပ်ငန်းများ တိုးတက်ရေးအတွက် ဝမ်ငွေဘီလီယံ ၆၄၀ (အမေရိကန် ဒေါ်လာ ၆၆၇ သန်း) ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက အောက်တိုဘာ ၂၃ ရက်၌ ကြေညာလိုက်သည်။

ယင်းအစီအစဉ်အရ အာဏာရ ယူရီပါတီနှင့် ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့က အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ ဘဏ္ဍာရေးပိုမိုထောက်ပံ့ပေးမှုကို ဘတ်ဂျက်နည်းသည့် ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ပေးသွားမည် ဖြစ်သည်။

ထောက်ပံ့

ရုပ်ရှင်ရုံများ အဆင့်မြင့်မားရေး၊ ရုပ်ရှင်သင်တန်းများအတွက် ငွေကြေးထောက်ပံ့ရေးနှင့် အရောင်းမြှင့်တင်ဆောင်ရွက်ရေးတို့အတွက်လည်း ဘဏ္ဍာရေး ထောက်ပံ့ပေးမည် ဖြစ်ကြောင်း သိရသည်။

သုံးစွဲ

ယင်းငွေကြေးအနက်မှ ဝမ် ၂၂၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၄)သန်းကို ရုပ်ရှင်ရုံများ အဆင့်မြှင့်တင်ရေးတွင် အများဆုံးအချိုးအဖြစ် သုံးစွဲမည်ဟု ဆိုသည်။

တင်ပို့ရောင်းချမှု

တောင်ကိုရီးယား ရုပ်ရှင်ကားများ ပြည်ပသို့ တင်ပို့ရောင်းချမှုသည် ၂၀၀၅ ခုနှစ်က ဝမ်ငွေ ၇၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၁၆ သန်း)ရှိရာမှ ၂၀၁၁ ခုနှစ်တွင် ဝမ်ငွေ ဘီလီယံ ၃၀၀ (အမေရိကန်ဒေါ်လာ ၃၁၂ ဒသမ ၅) သန်း ရှိလာမည်ဖြစ်ကြောင်း အစိုးရက ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၂၉-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ဘဒ္ဒေကရတ္တသုတ်"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"မေတ္တာလွင်ပြင်"**
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ လျှပ်တစ်ပြက်
၆း၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုု့ဝှက်ချက်"** (အပိုင်း-၂၇)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ English Premier League West Ham United Vs Blackburn Rover (Live)

မြန်မာ့အလင်း

ပေကျင်းနှင့်ရှန်ဟိုင်းအကြား ဆက်သွယ်သည့်ရထားလမ်းသစ် ယခုနှစ်အတွင်း စတင်ဖောက်လုပ်မည်

ပေကျင်း အောက်တိုဘာ ၂၈

တရုတ်နိုင်ငံ ပေကျင်းမြို့နှင့်ရှန်ဟိုင်းမြို့အကြား ဆက်သွယ်မည့် ရထားလမ်းသစ်ကို ယခုနှစ်အတွင်း စတင်ဖောက်လုပ်မည်ဖြစ်ပြီး ရထားလမ်းပြီးပါက တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ နှုန်းဖြင့် ခရီးသည်တင်ရထားများ ပြေးဆွဲနိုင်ရန် မျှော်မှန်းထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ရထားလမ်း တည်ဆောက်ရေးအတွက် နိုင်ငံတော်အစိုးရက ပြီးခဲ့သည့် မတ်လ၇ရက်ကပင် သဘောတူညီခဲ့ကြောင်း၊ ရထားဝန်ကြီးဌာန၏ ပြောကြားချက်ကို ပေကျင်းနေ့စဉ်ထုတ်သတင်းစာက အောက်တိုဘာ၂၅ ရက်တွင် ကိုးကားဖော်ပြသည်။

သဘောတူညီ

ယခုနှစ်အတွင်း လက်ရှိတိုးတက်မှု အခြေအနေအရ ၎င်းရထားလမ်းကို စတင်ဖောက်လုပ်ရန် သဘောတူညီထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဆူဆန်က ပြောကြားသည်။ ရှန်ဟိုင်းနှင့်ပေကျင်းမြို့တို့ အကြားဆက်သွယ်ထားသည့် ရထားလမ်းဟောင်းကို ၁၉၁၂ခုနှစ်ကတည်းက ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းရထားလမ်း မှာ တရုတ်နိုင်ငံအတွင်း အသုံးပြုမှု အများဆုံးဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆက်သွယ်ရာ လမ်းကြောင်းလည်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပေကြီးရေလှောင်တမံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (လယ်ယာဆည်မြောင်း)

✡ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ ပေကြီး ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရွှေဘိုခရိုင်နှင့် ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် တောင်သူများ တက် ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် နိုင်ငံ တော်ကချမှတ်ထားသော စိုက်ပျိုးရေး ကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး ဟူသည့် ဦးတည်ချက်ကို အောင်မြင်စေရေး အတွက် အခြေခံကျသော လယ်ယာ စိုက်ပျိုးရေးကဏ္ဍကို ဦးစားပေး ဆောင် ရွက်နေခြင်းကြောင့် မရှိမဖြစ် လိုအပ် သော စိုက်ပျိုးရေ ရရှိရေးအတွက် ဒေသနှင့် ကိုက်ညီ သင့်လျော်သည့် ဆည်၊ တမံများကို နိုင်ငံတော်အစိုးရ က တည်ဆောက် အကောင်အထည် ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြေသားတမံအမျိုးအစား

ယခု ဖွင့်လှစ်သည့် ပေကြီး ရေလှောင်တမံသည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ပေကြီး ရွာ၏ အနောက်ဘက် လေးမိုင်ခန့် အကွာ ပေကြီးချောင်းပေါ်၌ တည် ဆောက်ခဲ့သော မြေသားတမံ အမျိုး အစားဖြစ်ကြောင်း။

ပေကြီး ရေလှောင်တမံသည် တပ်မတော်အစိုးရ နိုင်ငံတော် တာဝန် ယူချိန် ၁၉၈၈ခုနှစ် နောက်ပိုင်း အကောင်အထည်ဖော် တည်ဆောက် ခဲ့သော ၁၉၀ ခုမြောက် ဆည်မြောင်း စီမံကိန်းများထဲမှ တစ်ခုအပါအဝင် ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအနေဖြင့် ၂၁ခု မြောက် တည်ဆောက်ပြီးသည့် ဆည် တမံတစ်ခုဖြစ်ပြီး အကျိုးပြုဧက အနေ ဖြင့် ၆၀၇၀၄၅ဧကကျော်ခန့်ရှိနေပြီ ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်လိုက်သော ပေကြီးရေလှောင်တမံသည် ကန့်ဘလူ မြို့နယ်အတွက် စပါး အပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံတို့စိုက်ပျိုးရန် ဧက၂၀၀၀ကျော် အကျိုးပြုမည့် ရေ လှောင်တမံတစ်ခုဖြစ်ကြောင်း၊ ထို့ အပြင် မိုးရာသီတွင် ပေကြီးချောင်း ရေကြီးရေလျှံမှုကြောင့် ကင်းတပ် လက်ဝဲမြောင်းပေါင်ကျိုးပြတ်၍ လယ် မြေဧကများ ရေနစ်မြုပ် ပျက်စီးမှုမှ လည်း ကာကွယ်ပေးမည်ဖြစ်ကြောင်း။

ဝင်ငွေတိုးပွားစည်ပင်

စစ်ကိုင်းတိုင်းသည် စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများပါ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေသော တိုင်းတစ်ခုဖြစ်သည့်အပြင် အထက် မြန်မာပြည် စပါးကျီဖြစ်ရမည်ဟူသော ဆောင်ပုဒ်အတိုင်း ယခုကဲ့သို့ ပေကြီး ရေလှောင်တမံကို တည်ဆောက်ပေး ခြင်းဖြင့် ကန့်ဘလူဒေသတွင် စိုက် ပျိုးရေ ပိုမိုရရှိလာမည်ဖြစ်ခြင်းကြောင့် စပါးအပါအဝင် သီးနှံများ အောင် အောင်မြင်မြင် စိုက်ပျိုးလာနိုင်ပြီး တောင်သူများ ဝင်ငွေတိုးပွားစည်ပင် လာတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက ဒေသ၏ ရေမြေသဘာဝနှင့် ကိုက်ညီသည့် ရေလှောင်တမံများ၊ ရေထိန်းတမံများ၊ ရေလွှဲဆည်များ၊ ရေပေးတူးမြောင်းများ ကို စဉ်ဆက်မပြတ် လမ်းညွှန်ဆောင် ရွက် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ် သည့်အတွက် ပြည်သူတို့၏ စားဝတ် နေရေး၊ လူမှုရေးကဏ္ဍကိုသာမက နိုင်ငံတော်၏လိုအပ်သော လျှပ်စစ် စွမ်းအင်ကဏ္ဍကိုလည်း တစ်ထောင့် တစ်နေရာမှ အထောက်အကူပြုပေးနေ သည်ကို နားလည်သဘောပေါက်ပြီး မိမိတို့တာဝန်ကို ကျေပွန်အောင် စိုက် ပျိုးထုတ်လုပ်သွားရန် တည်ဆောက် ပြီး ဆည်၊ တမံများ၊ ရေသွယ်မြောင်း၊ ရေပေးမြောင်းများကို အရှည်တည်တံ့ ခိုင်မြဲအောင် ဥပဒေစည်းကမ်းနှင့်အညီ လိုက်နာအသုံးပြု ဆောင်ရွက်သွားကြ ရန်နှင့် ဆည်ရေကိုအနည်းဆုံး စနစ် တကျရယူပြီး စီမံကိန်းသီးနှံအပြင် သဘာဝနှင့် ကိုက်ညီသည့်သီးနှံများ တိုးချဲ့ စိုက်ပျိုးသွားကြရန် အလေး အနက် တိုက်တွန်းကြောင်းဖြင့်ပြော ကြားသည်။

ဝမ်းသာပီတိဖြစ်

ထို့နောက် လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြော ကြားရာတွင် ယနေ့ ရွှေဘိုခရိုင် ကန့် ဘလူမြို့နယ်၌ရှိသည့် ပေကြီးရေ လှောင်တမံကို အောင်မြင်စွာတည် ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့် ပေကြီး ရေလှောင်တမံသည် နယ်မြေဒေသ၏ စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေ ရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက် မြင့်မားရေးတို့အတွက် အထောက်အကူ ပြုနိုင်တော့မည် ဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာပီတိဖြစ်မိပါကြောင်း။

လျှော့နည်းသက်သာ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ် မှူးကြီးသန်းရွှေကိုယ်တိုင် နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မား လာစေရန် အခါမလပ် ကြပ်မတ် လမ်းညွှန်ပေးလျက်ရှိကြောင်း၊ အထူး သဖြင့် စိုက်ပျိုးရေးကဏ္ဍ၌ အထူး အရေးပါသည့် စိုက်ပျိုးရေရရှိစေရန် ရေလှောင်တမံစီမံကိန်းများ၊ ရေတံခါး စီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်း များနှင့် မြေအောက်ရေ ရရှိရေးစီမံ ကိန်းများကို တည်ဆောက်အကောင် အထည် ဖော်နိုင်ရေး အခါမလပ် ကြပ်မတ်လမ်းညွှန်ပေးလျက်ရှိကြောင်း၊ တည်ဆောက်ပြီးဖြစ်သည့် ရေလှောင် တမံစီမံကိန်းများသည် စိုက်ပျိုးရေ ပေးဝေနိုင်မှု သဘာဝပတ်ဝန်းကျင်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည် မြောင်း ဝန်ကြီး ဌာန ဝန်ကြီးဗိုလ်ချုပ် ထွေးဦး ရွှေဘို ခရိုင်ကန့်ဘလူ မြို့နယ်ရှိပေကြီး ရေလှောင်တမံ ဖွင့်ပွဲတွင် အမှာ စကား ပြော ကြားစဉ်။ (လယ်ယာ ဆည်မြောင်း)

အနေအထားများကို တိုးတက်ပြောင်း လဲဖြစ်ပေါ်စေရုံမျှသာမကဘဲ ဒေသ အတွင်း ရေတိုက်စားမှု၊ ရေလွှမ်းမိုးမှု များကိုလည်း လျှော့နည်းသက်သာစေ ကြောင်း။

အောက်တိုဘာလအတွင်း တောင် တရုတ်ပင်လယ်၌ ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ ရွာသွန်းသည့်မိုးများကြောင့် မြစ်ချောင်း များ၌ ရေစီးဝင်မှု များပြားခဲ့ကြောင်း၊ သဖန်းဆိပ် ရေလှောင်တမံ၊ ကြက် မောက်တောင်ရေလှောင်တမံ၊ကင်းတား ရေလှောင်တမံစသည့် ဒေသအလိုက် တည်ဆောက်ထားပြီးဖြစ်သော ရေ လှောင်တမံများက စီးဝင်လာသည့် ရေများကို သိုလှောင်ထိန်းသိမ်းထား နိုင်သည့်အတွက် နယ်မြေအလိုက် ရေလွှမ်းမိုးမှု လျှော့နည်းသက်သာခဲ့ ကြောင်း၊ အကယ်၍ ဆည်တမံများ သာ မရှိခဲ့လျှင် စီးဝင်သောရေများကို ထိန်းသိမ်းနိုင်မှု မရှိသည့်အတွက် ပိုမိုပြီး ရေလွှမ်းမိုးမှု ခံကြရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ခင်းများ ရေလွှမ်းမိုးခဲ့သော် လည်း ယခုအချိန်တွင် ရေပြန်လည် ကျဆင်းပြီးဖြစ်ကြောင်း၊ ဆည်ကန်များ ရေအပြည့်အဝ သိုလှောင်ထားနိုင်သည့် ဖြစ်ရန် ရည်မှန်းချက် ထားရှိသည့် စစ်ကိုင်းတိုင်းနှင့် ပြည်နယ်၊ တိုင်း အများစုသည် လျာထားသတ်မှတ်ချက် ကို ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မိုးစပါးစိုက်ဧကသည် တစ်နိုင်ငံလုံး အတိုင်းအတာအရ လျာထားချက်ကို ကျော်လွန်ပြီး ဧက ၁၆ဒသမ၉သန်း ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း ကို ဂုဏ်ယူဝမ်းမြောက်စွာ အသိပေး ပြောကြားလိုကြောင်း။

ထပ်မံစိုက်ပျိုးနိုင်

ယခု တည်ဆောက်လိုက်သည့် ပေကြီး ရေလှောင်တမံကဲ့သို့ ဆည် မြောင်း စီမံကိန်းများသည် ရေရှားပါး ပြီ၊ ခြောက်သွေ့ရာ အရပ်ဒေသများက နယ်မြေလူထုအတွက် များစွာ အကျိုး ဖြစ်ထွန်းသည် ဆိုသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ ဤရေလှောင် တမံအနေဖြင့် ကန့်ဘလူမြို့နယ်အတွင်း က ဘုတ်ကုန်း၊ ဇီးဖြူကုန်း၊ သရက် ကန်ကြီး၊ ချောင်းကံကျေးရွာအုပ်စု လေးခုက လယ်ယာမြေ ဧက ၂၀၀၀ ကျော်၌ မူလက မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ ပထမတစ်သီး စိုက် ပျိုးပြီး ဒုတိယ သီးထပ် ဆီထွက်နှင့် ပဲမျိုးစုံ စိုက်ပျိုးနေမှုကို နွေစပါးပါ တတိယတစ်သီး ထပ်မံ စိုက်ပျိုးနိုင် အတွက် စိုက်ပျိုးထုတ်လုပ်မှု ပိုမို တိုးတက်လာမည့် အခြေအနေကောင်း များ ရရှိနေကြောင်းကိုလည်း ပြောကြား လိုကြောင်း။

ပေကြီး ရေလှောင်တမံသည် တည်ဆောက်ပြီး ရေလှောင်တမံစီမံ ကိန်းများကဲ့သို့ပင် ဒေသခံတောင်သူ များ၏ လူမှုစီးပွားရေးဘဝ တိုးတက် ရေးအတွက် အထောက်အကူပြုတော့ မည်ဖြစ်ကြောင်း။

တပ်မတော်အစိုးရ စတင်တာဝန် ယူခဲ့သည့် ၁၉၈၈–၈၉ခုနှစ်တွင် ဆည် မြောင်းတာတမံပေါင်း ၁၇၂ခုရှိပြီး ရေသွင်းစိုက်ဧရိယာ ဧကသုံးသန်း ဝန်းကျင်သာရှိခဲ့ကြောင်း၊ ယခုအချိန် တွင် ဆည်မြောင်းတာတမံနှင့် ရေထိန်း တံခါးစီမံကိန်းပေါင်း၁၉၀ကို တည် ဆောက်နိုင်ခဲ့ပြီဖြစ်၍ လယ်မြေဧက နှစ်သန်းခြောက်သိန်းကျော် တိုးတက် ရေပေးစိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် မြစ်ရေတင်စီမံကိန်းပေါင်း ၂၉၈ခုကိုလည်း အကောင်အထည်ဖော် နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် သီးနှံရေသွင်း စိုက်ဧက စုစုပေါင်းသည် ခုနစ်သန်း တစ်သိန်းကျော်အထိ ရှိလာပြီဖြစ် ကြောင်း၊ ရေသွင်းစိုက်ရာခိုင်နှုန်းအနေ ဖြင့် ၁၂ဒသမ၆ရာခိုင်နှုန်းက ယခု ၁၉ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း၊ သီးနှံစိုက်ဧကအနေနှင့် ၁၉၈၈–၈၉ ခုနှစ်တွင် စုစုပေါင်း စိုက်ဧက၂၃ဒသမ ၈သန်းသာစိုက်ပျိုးမှု ရှိခဲ့ရာက ယခုဧက ၄၆သန်းကျော်အထိ တိုးတက်လာပြီး သီးနှံစိုက်စွမ်းအား သည်လည်း ၁၅၇ ရာခိုင်နှုန်းကျော်ရှိလာပြီဖြစ်ကြောင်း၊ ယခုနှစ် မိုး စပါးစိုက်ပျိုးထုတ်လုပ်မှု တွင် အထက်မြန်မာပြည်၏ စပါးကျီ အောင် ရေပေးဝေနိုင်တော့မည်ဖြစ် ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံ ပြည်သူ များကိုယ်စား ကန့်ဘလူမြို့နယ် ပေကြီး ကျေးရွာမှ တောင်သူ ဦးဘအောင်က ပေကြီးရေလှောင်တမံ တည်ဆောက် ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစိုးရအား အထူးပင် ကျေးဇူးတင်ရှိ ပါကြောင်းကို ထည့်သွင်း ပြောကြား သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တို့သည် ရေလှောင်တမံဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်လာကြသော ပြည်သူလူထုအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပေကြီး ရေလှောင်တမံ ကမ္ပည်းကျောက်စာ တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး လိုက်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တို့သည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေး ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တို့သည် ဖဲကြိုးဖြတ်၍ ပေကြီး ရေလှောင်တမံကို ဖွင့်လှစ်ပေးကြ သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တို့သည် ဧည့်သည်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူ များ၊ ရေလှောင်တမံတည်ဆောက်ခဲ့ ကြသည့် အင်ဂျင်နီယာများနှင့်အတူ ဖွင့်ပွဲ အထိမ်းအမှတ် မုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီး တို့သည် ရေလှောင်တမံနှင့် တူးမြောင်း အဆောက်အအုံများ၌ ရေသိုလှောင် ထားမှု အခြေအနေ၊ ရေထိန်းမျှော်စင်၊ ရေပေးမြောင်းတို့မှ ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အကျိုးပြု

ဆက်လက်၍ ပေကြီးရေလှောင် တမံစီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူး နှင့် ဝန်ကြီးတို့အား စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်က ပေကြီးရေလှောင်တမံ တည်ဆောက်ခဲ့သည့် လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် တိုင်းမှူး နှင့် ဝန်ကြီးတို့က တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီ ဝင်များအား တောင်သူလယ်သမားများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လိုအပ် ချက်များ ဖြည့်ဆည်းပေးရေး၊ ဆည်ရေ စနစ်တကျ လေလွင့်မှုမရှိအောင် အသုံး ပြုရေး၊ ရေလှောင်တမံ ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် ဒေသအကျိုးပြု သီးနှံပုံစံဖြင့် စိုက်ပျိုးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားကြသည်။

ပေကြီး ရေလှောင်တမံသည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူ မြို့နယ် ပေကြီးကျေးရွာအနီး ရေဆင်း ဧရိယာ ၃၄ စတုရန်းမိုင်ရှိသော ပေကြီး ချောင်းပေါ်တွင် တည်ဆောက်ထား သည်။ မြေသားတမံသည် အမြင့် ၄၂ ပေ၊ အလျားပေ ၈၉၄၀ ရှိပြီး ကန် ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၉၃၆၅ ဖြစ်သည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး နှစ်ပေအချင်းပြွန်ရှိကာ အလျားပေ ၈၀ ရှိသည်။ ပင်မရေပိုလွှဲသည် အကျယ် ပေ ၄၀၊ အလျား ပေ ၇၁၀ (အဆောက် အအုံ)ပေ ၃၈၉၀ (မြေသားမြောင်း)ရှိပြီး အကူရေပိုလွှဲသည် အကျယ် ပေ ၈၀ (အဆောက်အအုံ)နှင့် အလျားပေ၂၀၀ (မြေသားမြောင်း)ရှိသည်။တူးမြောင်းမ ကြီးသည် အရှည်၃ ဒသမ ၈ မိုင်ရှိကာ လက်တံမြောင်းများသည် ၅ ဒသမ ၄ မိုင်ရှိပြီး တူးမြောင်းအဆောက်အအုံ စုစုပေါင်း ၆၈ ခုပါရှိသည်။ ရေလှောင် တမံ၏ ဆည်ရေပေးဝေနိုင်သည့်ဧက မှာ ၂၀၀၀ ဖြစ်ပြီး မိုးစပါးဧက ၁၀၀၀ နှင့် ကြံသီးနှံဧက ၁၀၀၀ တို့သည် ရေပေးဝေစိုက်ပျိုးနိုင်မည်ဖြစ် ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆရာကို မလွန်ဆန်နိုင်သည့် အလုပ်သင်ရှေ့နေအချို့ စိတ်မပါဘဲလားရှိုးမြို့၌ ဆန္ဒပြလွှာလက်မှတ်ရေးထိုးခဲ့ရ သုံးခွမြို့တွင် ဆန္ဒပြလွှာလက်မှတ် အများအပြား စုဆောင်းရရှိဟု တာဝန်ခံများ ကြွားဝါသော်လည်း အစစ်အမှန်လက်မှတ်ရေးထိုးသူ အနည်းငယ်သာရှိ

ရန်ကုန် အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့မှ NLD ပါတီဝင် ဦးစိုင်းမြင့်အောင်နှင့် မြို့နယ် NLD အတွင်းရေးမှူး ဦးထွန်းရှိန်တို့ ဦးစီးပြီး လားရှိုးမြို့၌ အောက်တိုဘာ ၁၂ရက်တွင် လူထုဆန္ဒပြလွှာ လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လားရှိုးမြို့ NLD ပါတီဝင်ခြောက်ဦး၏ မိသားစုဝင်များအား လက်မှတ်ရေးထိုးစေခဲ့သည်။

ထို့အပြင် အဆိုပါပုဂ္ဂိုလ်နှစ်ဦးသည် ရှေ့နေများဖြစ်သဖြင့် ၎င်းတို့၏ တပည့် အလုပ်သင်ရှေ့နေအချို့ကို စည်းရုံးသိမ်းသွင်း၍ လက်မှတ်ရေးထိုး စေခဲ့မှုကြောင့် တပည့်ရှေ့နေများမှာ သဘောတူညီမှုမရှိသော်လည်း ဆရာများကို မလွန်ဆန်နိုင်၍ စိတ်မသက်မသာဖြင့် လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း သိရှိရသည်။

အလားတူ ရန်ကုန်တိုင်း သုံးခွမြို့နယ်တွင်လည်း အောက်တိုဘာ ၂၀ရက်က မြို့နယ် NLD ပါတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် NLD ပါတီမှ ထုတ်ပယ်ခံ ပါတီဝင်များဖြစ်သော ကျော်မင်းနှင့် မြဇင်တို့သည် လူထု ဆန္ဒပြလွှာလက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ခဲ့ပြီး ဆန္ဒပြလွှာလက်မှတ်များ အများအပြားစုဆောင်းရရှိခဲ့သည်ဟု ထုတ်ဖော်ကြွားဝါခဲ့ကြကြောင်း၊ သို့ရာတွင် အစစ်အမှန်လက်မှတ်ရေးထိုးသူ အနည်းငယ်သာရှိပြီး အခြားအမည်နှင့် လက်မှတ်များမှာ လိမ်လည်စာရင်းရေးသွင်း ဖော်ပြထားချက်များဖြစ်သည်ဟု ၎င်းတို့နှင့်နီးစပ်သည့် အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(က–ပ)**

❒ ရှေ့ဖုံးမှ

သီလခံယူ

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ဝိဇာရိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်မြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် ဇနီး၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်တို့အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များက တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ထံမှ အနုမောဒနာတရားတော်နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် တာဝန်ရှိသူများက ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်းနှင့် စခန်းမှူးရုံး (၅၃)ကြိမ်မြောက် မိသားစုဘုံကထိန်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ရုံး/ဌာန အသီးသီးနှင့် မိသားစုများက ပဒေသာပင်များ စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုတို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၃)ကြိမ်မြောက် မိသားစုဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မှုခင်းတပ်ဖွဲ့ မိသားစု ဘုံကထိန်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

မှုခင်းတပ်ဖွဲ့၏ (၃၄)ကြိမ်မြောက် မိသားစုဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၆ နာရီက မှုခင်းတပ်ဖွဲ့ဓမ္မာရုံ၌ကျင်းပရာ တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မာစရိယ သူရိယမထေရ်မြတ်ထံမှ ဧည့်ပရိသတ်တို့က ရှစ်ပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် မှုခင်းတပ်ဖွဲ့တပ်ဖွဲ့မှူး ရဲမှူးချုပ်ခင်မောင်နှင့်ဇနီး၊ ဒုတိယမှုခင်းတပ်ဖွဲ့မှူးနှင့်ဇနီး၊ အရာရှိ၊ အရာခံ၊ တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် မိသားစုများက ဆရာတော်များအား ကထိန်ဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး **(ဝဲပုံ)** ရေစက်သွန်းချ အမျှပေးဝေကြကာ အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေမြင်းမိုရ် ဆရာတော် တရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၈

ပိဋကတ်တစ်ပုံအောင် ဓမ္မကထိက ဗဟုဇနဟိတရေ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ သာသနာပြု ရွှေမြင်းမိုရ်ဆရာတော် အရှင်သောဘဏသည် ကြည့်မြင်တိုင်မြို့နယ် လေဟာပြင် ညဈေးသူ ဈေးသားများ၏ (၃၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီး၌ အောက်တိုဘာ ၃၁ ရက် (အင်္ဂါနေ့) ည ၇ နာရီတွင် ကြည့်မြင်တိုင်ညဈေး ဓမ္မသဘင်မဏ္ဍပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နေပြည်တော်ပတ်ဝန်းကျင်မှာ မြင်ကွင်းသစ်နဲ့ တက်ကြွ ရွှင်လန်းနေ အနုပညာအမွေကို လက်ဆင့်ကမ်းနိုင်မှာမို့ ဝမ်းမြောက်ပီတိဖြစ်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၈

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အကောင်းဆုံးယှဉ်ပြိုင်ခဲ့သူများအား ဆုတံဆိပ်များချီးမြှင့်တော့မည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များလည်း ရင်ခုန်စွာ မျှော်လင့်စောင့်စားနေကြလေပြီ။

ပြိုင်ပွဲကာလအတွင်း ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးကြိုးစား ဆောင်ရွက်ခဲ့သူများနှင့် အနုပညာရှင်ကြီးများ၏ ပြိုင်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ပုံ၊ ၎င်းတို့၏အမြင်များကို နေပြည်တော်တွင် ရောက်ရှိနေသော မြန်မာ့အလင်းက တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။

ဗိုလ်မှူးကြီးရန်နိုင်ဦး (ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး)

နိုင်ငံတော်က ဘယ်လို တာဝန်ပေးပေးဆောင်ရွက်နိုင် ပါ တယ်။ တပ် မ တော် က သင် ကြား ပေး ထားတဲ့ စီမံခန့်ခွဲမှု အတတ်ပညာတွေကြောင့် အခု ပြိုင်ပွဲကြီး အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်ပါတယ်”

ဗိုလ်မှူးကြီးရန်နိုင်ဦး
(ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး)
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

“နဝမအကြိမ်နဲ့ ဒသမအကြိမ်တွေမှာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူးတာဝန်ယူခဲ့ပြီး အထက်က တာဝန်ပေးချက်အရ ရှေ့တန်းမှာ စစ်ဆင်ရေးတာဝန် သွားထမ်းဆောင်ပါတယ်။ အခု (၁၄)ကြိမ်မြောက်မှာ တာဝန်ပေးချက်အရ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးတာဝန်ယူပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်” ဟု ဗိုလ်မှူးကြီးရန်နိုင်ဦးက ပထမဦးစွာ ရှင်းပြသည်။

ထို့နောက် ယခင်တာဝန်ယူခဲ့ရသော အကြိမ်များနှင့် ယခုအကြိမ် မည်သို့ကွာခြားမှုရှိသည်နှင့်ပတ်သက်၍ မေးမြန်းရာ “အရင်အကြိမ်တွေထက် ပြိုင်ပွဲဝင်တွေ စည်းကမ်းလိုက်နာမှု၊ စုစည်းမှုနဲ့ ယှဉ်ပြိုင်မှုတွေ ပိုအားကောင်းလာတယ်။ နောက်ပြီး ပြိုင်ပွဲဝင်တွေဟာ ရန်ကုန်မှာရှိတဲ့ ပုံမှန်နေရာတွေမှာ ပြိုင်ပွဲဝင်ရတာထက် ဒီနေပြည်တော် ပတ်ဝန်းကျင်မြင်ကွင်းသစ်နဲ့စိတ်အာရုံအပြောင်းအလဲတွေဖြစ်တဲ့အပြင် သဘာဝ တောတောင် မြင်ကွင်းတွေကြောင့် လန်းဆန်းပြီး ပြိုင်ပွဲကို စွမ်းအားရှိသလောက် ယှဉ်ပြိုင်နိုင်ပါတယ်” ဟုလည်း ပြောကြားသည်။

ပြိုင်ပွဲကြီး၌ အစီအစဉ်သစ်နှင့် တာဝန်ထမ်းဆောင်ရမှုအပေါ် ခံစားချက်ကို မေးမြန်းရာ “ပြိုင်ပွဲဝင်တွေ ကြိုးစားအားထုတ်မှုပိုကောင်းလာတာ တွေ့ရတယ်။ အားရဖို့လည်း ကောင်းပါတယ်။ အစီအစဉ် အသစ်အနေနဲ့ ကတော့ ဒီနှစ်ကစပြီး အမျိုးသမီး အိုးစည်ဒိုးပတ်ဝိုင်းနှစ်ဝိုင်းကို သရုပ်ပြတီးခိုင်းခြင်းဖြစ်ပြီး လာမယ့်နှစ်တွေကစပြီး အမျိုးသမီး အိုးစည်ဒိုးပတ် ပြိုင်ပွဲထည့်သွင်းဖို့ စီစဉ်ထားပါတယ်။ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူးတစ်ဦးအနေနဲ့ ပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီနာယက ကိုးဦးနဲ့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌတို့ရဲ့ လမ်းညွှန် ချက်တွေအတိုင်း လုပ်ဆောင်ရတာမို့ တစ်စုံတစ်ရာ အခက်အခဲ မရှိပါဘူး။ ပျော်လည်း ပျော်ပါတယ်။ နိုင်ငံတော်က ဘယ်လိုတာဝန်ပေးပေး ဆောင်ရွက်နိုင်ပါတယ်။ တပ်မတော်က သင်ကြားပေးထားတဲ့ စီမံခန့်ခွဲမှု အတတ်ပညာတွေကြောင့် အခုပြိုင်ပွဲကြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်ပါတယ်” ဗိုလ်မှူးကြီး ရန်နိုင်ဦးက မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ကဗျာလုလုလေးများကို ရေးဖွဲ့နိုင်သူဖြစ်ပြီး ပြိုင်ပွဲကာလတစ်လျှောက် တက်တက်ကြွကြွ မနားမနေ ထောင့်စေ့အောင် လုပ်ဆောင်နိုင်သူတစ်ဦးလည်း ဖြစ်သည်။

ဗိုလ်ကလေးဦးတင့်အောင် (ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အဖွဲ့ဝင်)

“ပြီးခဲ့တဲ့ (၁၃)ကြိမ်မြောက် အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအထိ အတီးအကဲဖြတ်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး အခု(၁၄)ကြိမ်မှာတော့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအဖွဲ့ဝင်တစ်ဦး အနေနဲ့ ဆောင်ရွက်ပါတယ်။ အခု ပြည်နယ်နဲ့တိုင်း အသီးသီးက ပြိုင်ပွဲဝင်ကလေးတွေဟာ ပိုမိုတိုးတက်လာပါတယ်။ အဆင့်လည်း မြင့်လာတယ်။ အနုပညာအရည်အသွေး မြင့်မားလာတာ တွေ့ရတယ်။ ရိုးရာ ယဉ်ကျေးမှု အနုပညာကို တိုးတက်ဖွံ့ဖြိုးဖို့၊ တည်တံ့ဖို့ဆိုတာ လူငယ်တွေအပေါ် မူတည်နေပါတယ်။ ဒီကလေးတွေလက်ထဲ ယုံယုံကြည်ကြည်နဲ့ ကျွန်တော်တို့ အနုပညာအမွေကို လက်ဆင့်ကမ်းအပ်နိုင်ရတော့မှာမို့ ဝမ်းသာပီတိဖြစ်ရပါတယ်”ဗိုလ်ကလေး ဦးတင့်အောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

အခု ပြည်နယ်နဲ့တိုင်း အသီးသီးက ပြိုင်ပွဲဝင် ကလေးတွေဟာ ပိုမိုတိုးတက်လာပါတယ်။ အဆင့်လည်း မြင့်လာတယ်။ အနုပညာ အရည်အသွေး မြင့်မားလာတာ တွေ့ရတယ်။ ရိုးရာယဉ်ကျေးမှု အနုပညာကို တိုးတက်ဖွံ့ဖြိုးဖို့၊ တည်တံ့ဖို့ဆိုတာ လူငယ်တွေအပေါ် မူတည်နေပါတယ်။

ဗိုလ်ကလေးတင့်အောင်
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ဗိုလ်ကလေး ဦးတင့်အောင်သည် ၁၉၄၉ ခုနှစ်မှ စတင်ကာ အနုပညာနယ်ပယ်၌ ကျင်လည်ခဲ့သူဖြစ်ပြီး ယခုအခါ အနုပညာသက်တမ်း ၅၇နှစ် ရှိပြီဖြစ်သည်။ လက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ၌ အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသလို ခေတ်ဟောင်းသီချင်း စာအုပ်ထုတ်ဝေရေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူလည်း ဖြစ်သည်။

ဂီတလုလင်ဦးကိုကို (ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအဖွဲ့ဝင်)

“ပြိုင်ပွဲကြီး နှစ်တိုင်းကျင်းပနိုင်ရေးအတွက် ကျန်းမာရေးမကောင်းပေမယ့် ကြိုးစားဆောင်ရွက်နေရတာပဲ။ ကျွန်တော်က တူရိယာသံကြားရင် အသက်ရှည် ကျန်းမာနေတတ်တဲ့ လူစားမျိုးပါ။ အခုနှစ် ပြိုင်ပွဲဝင်ကြတဲ့ သူတွေဟာ တကယ်အားရဖို့ ကောင်းပါတယ်။ တချို့ဆိုရင် အံ့သြဖို့ကောင်းအောင် တော်ကြပါတယ်။ ပြိုင်ပွဲလုပ်ရကျိုးနပ်ပါတယ်။ ကျွန်တော်တို့ လိုလားမျှော်လင့်တဲ့ မျိုးဆက်သစ် အနုပညာရှင်လေးတွေ အများကြီး ပေါ်ထွက်လာတာ တွေ့ရတယ်။ အသက်ကြီးသွားပြီဖြစ်တဲ့ အနုပညာ ရှင်ကြီးတွေနေရာမှာ အစားထိုးနိုင်မယ့်သူတွေအဖြစ် တစ်နေ့ရောက်ရှိမှာမို့ ဝမ်းသာရပါတယ်။ သူတို့လေးတွေ ရွှေတံဆိပ်ဆုရပြီး အနုပညာခရီးကို မတိမ်းမစောင်း ဆက်လျှောက်လှမ်းဖို့တော့ လိုအပ်ပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဂီတလုလင် ဦးကိုကိုသည် အသက် ၇၉နှစ်အရွယ်ရှိပြီးတိမ်တမန်၊ ပိတောက်ရွှေဝါ၊ နှစ်သစ်ချစ်ဦးစသည့် နာမည်ကျော် တေးသီချင်းပေါင်း ထောင်ချီ ရေးသားခဲ့သူ တစ်ဦးဖြစ်သလို လက်ရှိ၌ မြန်မာနိုင်ငံ ဂီတနှင့် ရုပ်ရှင်အစည်းအရုံး နာယက၊ ပြန်ကြားရေးဝန်ကြီးဌာန၌ အကြံပေးနှင့် ယဉ်ကျေးမှုတက္ကသိုလ် ကောင်စီဝင်တစ်ဦးအဖြစ် အနုပညာဆိုင်ရာတာဝန်များကိုတက်တက်ကြွကြွ ထမ်းဆောင်နေဆဲ ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း တွေ့ဆုံမေးမြန်းတင်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ကျွန်တော်တို့ လိုလား မျှော်လင့်တဲ့ မျိုးဆက်သစ် အနုပညာရှင်လေးတွေ အများကြီးပေါ်ထွက်လာတာ တွေ့ရတယ်။

ဂီတလုလင် ဦးကိုကို
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်

နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် အောက်တိုဘာ၂၆ရက်နှင့် ၂၇ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ ပါဝင်မည့် တပ်မတော်အခန်းနှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များတို့၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ရှင်းလင်းပြောကြား

အမျိုးသားညီလာခံ ကျင်းပရေး လုပ် ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်း ပြောကြားစဉ်။
(သတင်းစဉ်)

၂၀၀၆ခုနှစ်၊ဇန်နဝါရီလ(၁၀)ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ "တပ်မတော်အခန်း"အတွက်ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များနဲ့ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ညီလာခံကိုယ်စားလှယ်အချို့တို့ တင်ပြသွားတဲ့ ဆွေးနွေးအကြံပြုချက်များကို ညီလာခံကိုယ်စားလှယ်များအားလုံး ကြားသိကြပြီးဖြစ်ပါတယ်။ အဲဒီ အကြံပြုချက်တွေအနက် အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအတွင်းက ကောင်းမွန်သင့်မြတ်တဲ့ အကြံပြုချက်များကို တင်ပြခဲ့ကြပါတယ်။ အချို့ကိုယ်စားလှယ်အစုအဖွဲ့က တင်ပြထားတဲ့ အကြံပြုချက်အချို့ဟာဆိုရင် နိုင်ငံတော်နဲ့ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမယ့် အကြံပြုချက်များဖြစ်တဲ့အတွက် အဲဒီအကြံပြုချက်များနဲ့စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များရဲ့ သဘောထားများကို သဘာပတိအဖွဲ့ဝင်များမှတစ်ဆင့် ရယူခဲ့ပါတယ်။

အဲဒီနောက် "တပ်မတော်အခန်း"နဲ့စပ်လျဉ်းလို့ ညီလာခံကိုယ်စားလှယ်များရဲ့ အကြံပြုချက်တွေကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက အသေးစိတ်လေ့လာခဲ့ပါတယ်။ အဲဒီလိုလေ့လာပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ပြည့်စုံရှင်းလင်းစွာဖြင့် ပြုစုထားတဲ့ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်သို့ တင်ပြခဲ့ပါတယ်။ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြခဲ့တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က အသေးစိတ်လေ့လာပြီး အတည်ပြုခဲ့ပါတယ်။ အဲဒီလို အတည်ပြုခဲ့တဲ့ "တပ်မတော်အခန်း"အတွက် ချမှတ်မယ့် အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက"တပ်မတော်အခန်း"နဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီရှင်းလင်းတင်ပြချက်များနဲ့စပ်လျဉ်းလို့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး တပ်မတော်အခန်းတွင် ပါရှိသင့်တဲ့အသေးစိတ်အခြေခံရမယ့်မူများအဖြစ်–

"၁။ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်။

၂။ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။

၃။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်။

၅။ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင် ရှေ့နေချုပ် ဒေါက်တာထွန်းရှင် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းပြော ကြား ချက်များကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

၆။ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်။

၇။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်။

၈။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။

၉။ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်။

၁၀။ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၁၁။ တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။

၁၂။ စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၃။ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။

၁၄။ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်။"

လို့ ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့
  - ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

တို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သီးခြားအကြံပြုတင်ပြချက်များကိုလဲ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူ(၁၄)ချက်ကို တင်ပြခဲ့ပါသည်။ အဆိုပါစုစည်းတင်ပြချက်အမှတ်(၁၄)တွင်–

'နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်'ဟု ပါရှိပါသည်။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင်ဗိုလ်မှူးချုပ်မြဝင်း အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၏ရှင်းလင်း ပြောကြားချက်ကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ယင်းအချက်အရ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကျရောက်မှသာ တပ်မတော်က ကူညီဆောင်ရွက်ရမည့်သဘော သက်ဝင်နေပါသည်။ တပ်မတော်၏ ဗီဇနှင့် အစဉ်အလာ၊ တပ်မတော်အား ဖွဲ့စည်းတည်ဆောက်ထားမှု၊ တပ်မတော်၏ အတွေ့အကြုံနှင့် စွမ်းဆောင်နိုင်မှုတို့အရ တပ်မတော်သည်နိုင်ငံ၏ အမျိုးသားရေးအင်အားစုတစ်ခု ဖြစ်သည်မှာ မည်သူမျှ မငြင်းနိုင်ပါ။ တပ်မတော်သည် တိုင်းပြည်နှင့်လူမျိုးအတွက် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ၌ အစဉ်အဆက်ကူညီဆောင်ရွက်ခဲ့သည်ကိုတွေ့ရပါသည်။

ယခုလက်ရှိ အနေအထား၌လည်း နိုင်ငံသားများအတွက် ဘေးအန္တရာယ်မဟုတ်သော လူမှုရေးလုပ်ငန်းများ၊ မော်တော်ကားလမ်း၊ မီးရထားလမ်း၊ တံတားများ၊ ဆည်မြောင်းတာတမံများတည်ဆောက်ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်လျက်ရှိနေပါသည်။ ဘေးအန္တရာယ်ကျရောက်မှသာ ကူညီဆောင်ရွက်ရမည်ဆိုခြင်းကြောင့် ကျဉ်းမြောင်းသည့်သဘောသက်ဝင်နေပါသည်။ သို့ဖြစ်၍ တပ်မတော်အခန်းအတွက် စုစည်းတင်ပြသည့် အသေးစိတ်အခြေခံရမည့်မူများတွင် အချက်(၁၅)အဖြစ် အောက်ပါအတိုင်း–

'တပ်မတော်သည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လာပါလျှင် လူမှုရေးအင်အားစုအဖြစ်လည်းကောင်း၊ စီးပွားရေးအင်အားစုအဖြစ်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါဝင်ဆောင်ရွက်နိုင်သည်' ဟုဖြည့်စွက်သင့်ပါကြောင်း"

အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် တပ်မတော်ရဲ့အဓိကတာဝန်ဟာ ဒို့တာဝန်အရေးသုံးပါးနဲ့ နိုင်ငံတော်အေးချမ်းသာယာရေး၊ တည်ငြိမ်ရေးတာဝန်များ ဖြစ်ပါတယ်။ အဲဒီလိုတာဝန်များ ထမ်းဆောင်ရာမှာ နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်ခိုက်ရေးတာဝန်ကို ထမ်းဆောင်ရမှာဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်ခိုက်ရေးတာဝန်များမရှိသည့်အခါ လေ့ကျင့် ရေးတာဝန်များ ထမ်းဆောင်နေရမှာဖြစ်သလို၊ လေ့ကျင့်ရေးတာဝန်များ မရှိသည့် အခါ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထမ်းဆောင်နေရမှာဖြစ်ပါတယ်။ ပြည်သူ့ အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုဆိုတာဟာလဲ တပ်မတော်ရဲ့ တာဝန်ထဲမှာ ပါဝင်ပြီးသား ဖြစ်ပါတယ်။ ဒီတာဝန်တွေဟာ တပ်မတော်ရဲ့ ခံယူချက်ရှိရှိနဲ့ ထမ်းဆောင်နေတဲ့တာဝန်များဖြစ်လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖော်ပြရန်လိုမည်မဟုတ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ တပ်မတော်အခန်းနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူ (၁၄)ချက်အနက်မှ အမှတ်စဉ်(၂)ဖြစ်တဲ့ 'တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်'ဆိုတဲ့ အခြေခံရမယ့်မူကို အနည်းငယ်အကြံပြုလိုပါတယ်။

တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည့် အားလျော်စွာ လွတ်လပ်ရေးရရှိရေးအတွက် သွေး၊ သွေးများစွာကျခံပြီး စွန့်စားတိုက်ခိုက်သောတော်လှန်ရေးမှ ပေါက်ဖွားသော တပ်မတော်ဖြစ်သည့်အားလျော်စွာ လွတ်လပ်ရေး ထပ်မံလက်လွတ်

စာမျက်နှာ ၆ ကော်လံ ၁

စာမျက်နှာ ၅မှ

ဆုံးရှုံးမှုမရှိစေရန်ကိုလည်း ဆက်လက်ထိန်းသိမ်းရမယ့် တာဝန်ရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းကောက်နုတ်စုစည်းချက် အမှတ်စဉ်(၂)ဖြစ်တဲ့ တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖော်ပြထားတဲ့ 'တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်' အစား 'တပ်မတော်သည် လွတ်လပ်ရေးထိန်းသိမ်းရန်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်'လို့ ဖြည့်စွက်ပြဋ္ဌာန်းပါက ပိုမိုပြည့်စုံ ဆီလျော်မည်ဖြစ်ကြောင်း"

အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရရင် အသေးစိတ်အခြေခံရမယ့်မူ အမှတ်စဉ်(၃)မှာ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်"လို့ ဖော်ပြထားပြီးဖြစ်ပါတယ်။ "အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"ဆိုတာဟာ လွတ်လပ်ရေး မဆုံးရှုံးရအောင် ထိန်းသိမ်းတာနဲ့ အတူတူပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်ကို ထပ်မံဖော်ပြဖို့ လိုမည်မဟုတ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

အဲဒီနိုင်ငံရေးပါတီကပဲ ဆက်လက်ပြီး–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းစုစည်းတင်ပြတဲ့ တပ်မတော်အခန်းနဲ့စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူ အမှတ်စဉ်(၅)ကိုလည်း အနည်းငယ်ထပ်မံ ဖြည့်စွက်ပြီး အကြံပြုလိုပါတယ်။

တပ်မတော်သည် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးတွင် စီမံဆောင်ရွက်တဲ့နေရာမှာ ပြည်သူအများနဲ့ တိုက်ရိုက်ထိတွေ့ဆက်စပ်ပြီး လက်တွေ့လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ပိုမိုလွယ်ကူထိရောက်မှု ရှိစေရေးအတွက် တပ်မတော်တစ်ဖွဲ့တည်း ဦးဆောင်စီမံဆောင်ရွက်သွားသည်ထက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏သဘောထားကိုရယူပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားပါက ပိုမိုအဆင်ပြေချောမွေ့ အောင်မြင်မှုရရှိစေမည် ဖြစ်ပါသဖြင့် စုစည်းချက်အပိုဒ်(၅)ဖြစ်တဲ့ 'တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်'ဆိုသည့် အသေးစိတ်အခြေခံရမယ့်မူချမှတ်မည့်အစား 'တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်'လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ပြဋ္ဌာန်းပါက ပိုမိုသင့်လျော်မည် ဖြစ်ကြောင်း"

အကြောင်းပြချက်များဖြင့် ရှင်းလင်းဆွေးနွေး အကြံပြုသွားတာကို တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်ဟာ ချမှတ်ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူနဲ့လည်း ကိုက်ညီပြီး အလေးအနက်ထား စဉ်းစားသင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် ဖော်ပြပါ အကြံပြုချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းခဲ့ပါတယ်။ သဘာပတိအဖွဲ့ဝင်များကလဲ မိမိတို့နဲ့ သက်ဆိုင်တဲ့ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြပါတယ်။ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အများအပြားက "တပ်မတော်အခန်း"တွင် အသေးစိတ်အခြေခံရမယ့်မူ အမှတ်စဉ်(၅)အဖြစ်**"တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်"**လို့ ဖော်ပြသင့်ကြောင်း အကြံပြုခဲ့တာ တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ 'တပ်မတော်သည်' အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်"ဟူသော အချက်ကို အသေးစိတ်အခြေခံရမယ့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒီနေရာမှာ အကြံပြုလိုတဲ့ အချက်တစ်ချက်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အထောက်အကူဖြစ်ပြီး တပ်မတော်၏ဂုဏ်သိက္ခာပိုမိုလေးနက်ပေါ်လွင်စေရန်အတွက် 'တိုင်းရင်းသားပေါင်းစုံပါဝင်သည့်'ဟူသော စကားရပ်ကို ဖြည့်စွက်ပြီး 'တိုင်းရင်းသားပေါင်းစုံပါဝင်သည့် တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသောမျိုးချစ်တပ်မတော်ဖြစ်သည်'ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း" အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရရင် မြန်မာနိုင်ငံမှာ တပ်မတော်သာမက ဝန်ထမ်းအဖွဲ့အစည်းအားလုံးဟာလဲ တိုင်းရင်းသားများအပါအဝင် နိုင်ငံသားများနဲ့ပါဝင်ဖွဲ့စည်းထားတာဖြစ်လို့ "တိုင်းရင်းသားပေါင်းစုံပါဝင်သည့်"ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်လိုက်မယ်ဆိုရင် တိုင်းရင်းသားမဟုတ်တဲ့ နိုင်ငံသားများ အကျုံးမဝင်တဲ့သဘော သက်ရောက်သွားစေနိုင်ပါတယ်။ ဒါ့ကြောင့် "တပ်မတော်"ဆိုတဲ့စကားရပ်မှာ တိုင်းရင်းသားများနဲ့ နိုင်ငံသားများပါပါဝင်ဖွဲ့စည်းထားတယ်ဆိုတာ အားလုံးသိရှိနားလည်ပြီးဖြစ်တာကြောင့် ထပ်မံဖြည့်စွက်ဖို့လိုမည် မဟုတ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီရဲ့ သဘောထားအတိုင်းတင်ပြသွားကြပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားသွားတဲ့ အချက်တစ်ချက်ဖြစ်တဲ့–

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။

ဆိုတဲ့အချက်နဲ့ပတ်သက်ပြီး အကြံပြုလိုပါတယ်။

ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရာမှာ တပ်မတော်တစ်ခုတည်း ဖော်ဆောင်မှာမဟုတ်ပါဘူး။ တိုင်းရင်းသားပြည်သူများပါဝင်ကြရမှာဖြစ်ပါတယ်။ ဒီလိုပါဝင်ရာမှာ တက်ကြွစွာပါဝင်နိုင်ရေးဟာ အရေးကြီးပါတယ်။ ဒါမှလဲ ရည်မှန်းတဲ့ ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာ အောင်မြင်မှာဖြစ်ပါတယ်။ ဒီလိုတက်ကြွစွာ ပါဝင်နိုင်ရန်အတွက် တပ်မတော်ရဲ့ ဆောင်ရွက်ချက်များဟာ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်များဖြစ်တယ်ဆိုတာ သိသာထင်ရှားဖို့လိုပါတယ်။ တစ်ခါ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်လို့ အသေးစိတ်အခြေခံရမယ့်မူလည်းရှိနေတဲ့အတွက် အထက်ဖော်ပြပါအချက်မှာ 'ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ'ဆိုတဲ့ စကားရပ်ကို ထည့်သွင်းပြီး–

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် 'ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ' စီမံဆောင်ရွက်ခွင့်ရှိသည် လို့ ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒါမှလဲ 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း' မှာပါဝင်တဲ့ 'နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်'ဆိုတဲ့ အချက်နဲ့ ချိတ်ဆက်မိမှာဖြစ်ပါတယ်"

လို့ အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိကြောင်း ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူမှာပါရှိပြီးဖြစ်သလို တပ်မတော်အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူတွင်လဲ ပြောင်းရွှေ့ဖော်ပြထားပြီး ဖြစ်ပါတယ်။ ကျွန်တော်ရှေ့မှာ ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက်စီမံဆောင်ရွက်ခွင့်ရှိကြောင်းလဲ ဖော်ပြပြီးဖြစ်တာကြောင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အစဉ်ကာကွယ်စောင့်ရှောက်သွားမယ့် တပ်မတော်ဖြစ်တာကြောင့်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်သွားမှာဖြစ်လို့ ဒီအကြံပြုချက်ကို ဖြည့်စွက်ဖော်ပြရန်လိုမည် မဟုတ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့ အညီ–

'တပ်မတော်အခန်း'အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး–

"၁။ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်။

၂။ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။

၃။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်။

၅။ တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။

၆။ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်။

၇။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်။

၈။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။

၉။ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်။

၁၀။ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၁၁။ တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။

၁၂။ စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၃။ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။

၁၄။ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်။"

လို့ချမှတ်လိုက်တဲ့ 'တပ်မတော်အခန်း'နဲ့စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ "နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့တာဝန်များအခန်း"အတွက်ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များ၊ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ညီလာခံကိုယ်စားလှယ်အချို့တို့ တင်ပြသွားတဲ့ဆွေးနွေးအကြံပြုချက်များကို ညီလာခံကိုယ်စားလှယ်များအားလုံး ကြားသိကြပြီးဖြစ်ပါတယ်။ အဲဒီအကြံပြုချက်တွေအနက် အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအတွင်းက ကောင်းမွန်သင့်မြတ်တဲ့ အကြံပြုချက်များကိုတင်ပြခဲ့ကြပါတယ်။ အချို့ ကိုယ်စားလှယ်အစုအဖွဲ့က တင်ပြထားတဲ့ အကြံပြုချက်အချို့ဟာဆိုရင် နိုင်ငံတော်နဲ့ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမယ့် အကြံပြုချက်များဖြစ်တဲ့အတွက် အဲဒီအကြံပြုချက်များနဲ့ စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို သဘာပတိအဖွဲ့ဝင်များမှတစ်ဆင့် ရယူခဲ့ပါတယ်။

အဲဒီနောက်"နိုင်ငံသား၊ နိုင်ငံသားများရဲ့မူလအခွင့်အရေးနဲ့ တာဝန်များအခန်း"နဲ့စပ်လျဉ်းလို့ ညီလာခံကိုယ်စားလှယ်များရဲ့ အကြံပြုချက်တွေကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက အသေးစိတ်လေ့လာခဲ့ပါတယ်။ အဲဒီလို လေ့လာပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ပြည့်စုံရှင်းလင်းစွာဖြင့်ပြုစုထားတဲ့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သို့ တင်ပြခဲ့ပါတယ်။ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က အသေးစိတ်လေ့လာပြီး အတည်ပြုခဲ့ပါတယ်။ အဲဒီလို အတည်ပြုခဲ့တဲ့"နိုင်ငံသား၊ နိုင်ငံသားများရဲ့မူလအခွင့်အရေးနဲ့တာဝန်များအခန်း"အတွက် ချမှတ်မယ့်အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၆ခုနှစ် ဇန်နဝါရီလ၁၀ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက–

"ကျွန်တော်တို့နိုင်ငံတော်အတွက် ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့အခါ နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို တိတိကျကျနဲ့ရှင်းရှင်းလင်းလင်းဖော်ပြပါရှိဖို့လိုအပ်ကြောင်း၊ဒါမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာဖတ်ရှုတဲ့အခါ နိုင်ငံသားဖြစ်ဖို့အတွက် ဘယ်လိုအချက်အလက်တွေလိုအပ်တယ်။ နိုင်ငံသားတွေအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူပိုင်ခွင့်ရှိတဲ့မူလအခွင့်အရေးတွေဟာ ဘာတွေဖြစ်တယ်။ မိမိတို့အနေနဲ့ နိုင်ငံတော်အတွက် ဘယ်လိုတာဝန်တွေကို ထမ်းဆောင်ကြဖို့ လိုအပ်တယ်ဆိုတာ ရှင်းလင်းလွယ်ကူစွာ တွေ့မြင်နိုင်မှာဖြစ်ကြောင်း"ရှင်းလင်းပြောကြားခဲ့ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁

ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော် က ဦးဆောင်ရမည်။ နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိကအကျ ဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်။

29-10 (06) 1 10/29/06, 2:39 AM

စာမျက်နှာ ၆ မှ

ဆက်လက်ပြီးကျွန်တော်က–

“ဖွဲ့စည်းပုံအခြေခံဥပဒေ ‘နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်း’ နဲ့စပ်လျဉ်းလို့ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်။
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊
- (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်။

၃။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၄။ နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။

၅။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းရရှိစေရမည်–
- (က) ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊
- (ခ) အလုပ်လုပ်ကိုင်မှု၊
- (ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊
- (ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊
- (င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊
- (စ) သိပ္ပံနှင့်နည်းပညာများ ရှာဖွေဖော်ထုတ်မှု။

၆။ အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်။

၇။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိစေရမည်။

၈။ နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ သာသနာ၊ အမျိုးသား၊အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။

၉။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ။

၁၀။ နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်–
- (က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊
- (ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊
- (ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊
- (ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြား ဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၁၁။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့် အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့် ရှိသည်။

၁၂။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၁၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ် ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီ မှတစ်ပါး အသက်ကိုဖြစ်စေ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမဖြစ်စေရ

၁၄။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှုများကို တားမြစ်သည်။

၁၅။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။

၁၆။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် မည်သူမဆို ဘာသာ သာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ် ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

၁၇။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးရာ ဆောင်ရွက်မှုတို့ကို အထက်ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

၁၈။ ထိုသို့ ဘာသာ သာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူအကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၁၉။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၂၀။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာ ဘာသာများဟူ၍ အသိအမှတ်ပြုသည်။

၂၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၂၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော် လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေ ပြဋ္ဌာန်းနိုင်သည်။

၂၃။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများသည် အချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ–
- (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊
- (ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်၊
- (ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့်အနုပညာ ခေတ်မီတိုးတက်အောင် တီထွင်ကြံဆ ဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာသုတေသနပြု ဖော်ထုတ် ဆောင်ရွက်ခွင့်ရှိသည်။

၂၅။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ မိမိတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်။

၂၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၂၇။ လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၂၈။ နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားများသည် စီးပွားရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂၉။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

၃၀။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင် တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။

၃၁။ ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို ယင်းပြစ်မှု ကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်း မပြုရ။

၃၂။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွတ်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှု ထင်ရှားစီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ်လွတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တစ်ဖန်ပြန်လည် စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှအပ ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

၃၃။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည်။

၃၄။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သော ကိစ္စ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ (၂၄)နာရီထက်ပို၍ ချုပ်နှောင်ခြင်း မပြုရ။

၃၅။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်ရှိရမည်။

၃၆။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့် အာဏာရှိရမည်–
- (က) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊
- (ခ) အာဏာပေး စာချွန်တော်အမိန့်၊
- (ဂ) တားမြစ်စေ စာချွန်တော်အမိန့်၊
- (ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့်၊
- (င) အမှုခေါ် စာချွန်တော်အမိန့်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့အပ်နှင်းသည့် စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့် အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုးသက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

၃၇။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး အပိုဒ် ၃၆ပါ အခွင့်အရေးများ တောင်းခံခွင့်ကို ရပ်ဆိုင်းမထားရ။
- (က) စစ်မက်ဖြစ်ပွားချိန်၊
- (ခ) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊
- (ဂ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်။

၃၈။ နိုင်ငံခြား တိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၃၉။ အောက်တွင် ဖော်ပြထားသော အခြေအနေနှင့် အချိန်အခါမှအပ နိုင်ငံသားများ၏ တရားဝင် ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်း မပြုရ–
- (က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊
- (ခ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊
- (ဂ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန်တာဝန်ရှိ

စာမျက်နှာ ၇မှ

၄၀။ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်း ပြုရမည်။

၄၁။ နိုင်ငံသားတိုင်းသည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်

(ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

တို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၄၂။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၄၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

၄၇။ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

၄၈။ ဤအခန်းပါ "နိုင်ငံတော်"ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကို သော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကိုဆိုလိုသည်။"

လို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း ကျွန်တော်က ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို ကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့ အချက်များကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

တို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြား တိုင်းရင်းသား လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများသည် အချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သီးခြားအကြံပြု တင်ပြချက်များကိုလဲ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ် တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ"

ဟု ပါရှိပါသည်။

အဆိုပါအချက်မှာ လူမျိုး၊ ဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာမရွေး တန်းတူညီမျှ ရှိစေရေးကို အာမခံချက်ပေးထားခြင်းဖြစ်သည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ထိရောက်စွာ အသုံးပြုနိုင်ရေးကို အထောက်အကူဖြစ်စေနိုင်ပြီး အမျိုးသမီးထုတစ်ရပ်လုံးနှင့် ပြည်သူအများက လိုလားထောက်ခံကြမည် ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါသည်။ သို့ရာတွင် အဆိုပါအပိုဒ်၌ ဆက်လက်ဖော်ပြထားသည့်–

'သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအားရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရ'

ဟူသော အချက်ကို အခြေခံဥပဒေ၌ ထည့်သွင်း ရေးသားခြင်းမပြုဘဲ ဖြစ်နိုင်ပါက သီးခြားဥပဒေများ ပြဋ္ဌာန်း၍ဖြစ်စေ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် အမိန့်များ၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ဖြင့် ဆောင်ရွက်ပါက သင့်လျော်မည်ဟု အကြံပြုတင်ပြအပ်ပါသည်။"

လို့ အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် အကြံပြုချက်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းခြင်းမပြုဘဲ သီးခြားဥပဒေပြဋ္ဌာန်း၍ ဖြစ်စေ၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ဖြစ်စေ ဆောင်ရွက်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဆောင်ရွက်ရာရောက်သွားနိုင်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားဖွယ်ရာ ပြဿနာပေါ်ပေါက်လာစေနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တစ်ပါတည်း ထည့်သွင်းပြဋ္ဌာန်းထားခြင်းအားဖြင့် နောင်အငြင်းပွားစရာ အကြောင်းမရှိဘဲ စကားရပ်ရဲ့ အဓိပ္ပာယ်ကို ရှင်းလင်း လွယ်ကူစွာ နားလည်သဘောပေါက်သွားစေမှာ ဖြစ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းအပိုဒ်(၂၄) တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ပညာသင်ကြားခွင့် ရရှိနိုင်ကြောင်းပါရှိသော်လည်း ကျန်းမာရေးကိစ္စနှင့် ပတ်သက်၍ ဖော်ပြထားခြင်းမရှိပါသဖြင့် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်"ဟု သီးခြားအပိုဒ်ဖြင့် ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း" အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်ဟာ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူနဲ့လည်း ကိုက်ညီတဲ့အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်းတွေ့ရှိရပါတယ်။ ဒီအကြံပြုချက်ကို အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်၊မသင့်နဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းခဲ့ပါတယ်။ သဘာပတိ အဖွဲ့ဝင်များကလည်း မိမိတို့နဲ့ သက်ဆိုင်တဲ့ ညီလာခံကိုယ်စားလှယ်များနဲ့ ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့် တင်ပြခဲ့ကြပါတယ်။ ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ အများအပြားက အမှတ်စဉ်(၂၅)အဖြစ် '**နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်**'လို့ ဖော်ပြသင့်ကြောင်း အကြံပြုခဲ့ကြတာ တွေ့ရှိရပါတယ်။ ဒီအကြံပြုချက်ကို စုစည်းဖော်ပြချက် အပိုဒ် (၂၄) ၏နောက်တွင် အပိုဒ်(၂၅)အဖြစ် ဖော်ပြမှသာ ဆက်စပ်မှုရှိသွားမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က–

"အပိုဒ် ၅။ အပိုဒ်ခွဲ(စ)၌ 'သိပ္ပံနှင့်နည်းပညာများ ရှာဖွေဖော်ထုတ်မှု' ဆိုတဲ့ စကားရပ်တွင် ဝိဇ္ဇာပညာရပ်များမပါရှိသေးသည့်အတွက် ယင်းစကားရပ်အစား 'ဝိဇ္ဇာ၊ သိပ္ပံနှင့်နည်းပညာရပ်များရှာဖွေဖော်ထုတ်မှု'လို့ ဖြည့်စွက်ပြင်ဆင်သင့်၊ မသင့် စဉ်းစားနိုင်ရန် အကြံပြုတင်ပြအပ်ပါတယ်"

လို့ အကြံပြုသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်ဟာ ချမှတ်ပြီးဖြစ်တဲ့အခြေခံမူနဲ့ကိုက်ညီတဲ့အတွက် အလေးအနက်ထား စဉ်းစားသင့်ပါတယ်။ ဒါပေမယ့်"ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု"လို့ ပညာဆိုသောစကားရပ်ကို ဖြည့်စွက်သုံးနှုန်းလိုက်မယ်ဆိုရင် အဓိပ္ပာယ်ပိုမိုပြည့်စုံကောင်းမွန်သွားစေမှာဖြစ်ပါတယ်။ ဒါကြောင့် ယင်းအချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းခဲ့ပါတယ်။ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နဲ့သက်ဆိုင်တဲ့ ညီလာခံကိုယ်စားလှယ်များနဲ့ ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ စာဖြင့် တင်ပြခဲ့ကြပါတယ်။ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ အများအပြားက အမှတ်စဉ်(၅) အပိုဒ်ခွဲ(စ)အဖြစ် **'ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု'** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖော်ပြသင့်ကြောင်း အကြံပြုခဲ့ကြတာတွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့ကပဲ–

"အပိုဒ် ၆ တွင် ဖော်ပြထားတဲ့ 'အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသောအခွင့်အရေး'ဟူသော စကားရပ်အစား 'အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများခံစားခွင့်ရရှိသည့်အတိုင်း အခွင့်အရေး'ဟု ပြင်ဆင်လျှင် အဓိပ္ပာယ်ပိုမို တိကျမည်ဟုယူဆပါသဖြင့် ပြင်ဆင် သင့်၊ မသင့် စဉ်းစားနိုင်ရန် အကြံပြုတင်ပြအပ်ပါတယ်"

လို့ အကြံပြုသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ ဖော်ပြထားတဲ့"အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်"ဆိုတဲ့ စကားရပ်ရဲ့ အဓိပ္ပာယ်နဲ့ ယခုအကြံပြုတဲ့ စကားရပ်ရဲ့ အဓိပ္ပာယ်တို့ဟာ သဘောသဘာဝချင်း တူညီကြပါတယ်။ မူလရှင်းလင်းချက်ပါ စကားရပ်ဟာ လိုရင်းအဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားစေပါကြောင်း ပြောကြားအပ်ပါတယ်။

ဆက်လက်ပြီး အဲဒီကိုယ်စားလှယ်များအစုအဖွဲ့က–

"အပိုဒ် ၃၄ပါ မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ ဟူသော စကားရပ်အစား မြန်မာစာအထုံးအဖွဲ့ ပိုမိုပြေပြစ်စေရန် 'စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရဘဲ မည်သူ့ကိုမျှ ၂၄နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ'ဟု ပြင်ဆင်သင့်၊ မသင့် စဉ်းစားနိုင်ရန်အကြံပြုတင်ပြအပ်ပါတယ်"

လို့ အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် ကျွန်တော်ရဲ့ ရှင်းလင်းချက်ပါ စကားရပ်ဟာ အဓိပ္ပာယ်ပိုမိုလေးနက်စေတဲ့ သဘောသက်ရောက်အောင် ဥပဒေရေးထုံးအတိုင်း ရေးသားထားခြင်းဖြစ်တဲ့အတွက် ပြင်ဆင်ရန်လိုမည် မဟုတ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့ကပဲ–

"အပိုဒ် ၄၆ ပါ 'နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်'ဆိုတဲ့ စကားရပ်ကို အပြည့်အဝထောက်ခံပါတယ်။ နောင် ဒီကိစ္စအတွက် ဥပဒေပြဋ္ဌာန်းရာမှာ စစ်ပညာသင်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရမယ့်အသက်အရွယ် အပိုင်းအခြား၊ အချိန်ကာလ အပိုင်းအခြားများကို ဖော်ပြပေးဖို့တင်ပြအကြံပြုအပ်ပါတယ်"

လို့ အကြံပြုသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရရင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ နောင်ပေါ်ပေါက်လာမယ့် ဥပဒေပြုအဖွဲ့အစည်းဟာ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းတဲ့အခါ အချက်အလက်များ ပြည့်စုံစွာပါရှိအောင် ထည့်သွင်းပြဋ္ဌာန်းရေးအတွက် မှတ်တမ်းတင်ထားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ကပဲ ဆက်လက်ပြီး–

"နိုင်ငံသားများ ရပိုင်ခွင့် အခွင့်အရေးများနှင့်ပတ်သက်၍ သက်ကြီးရွယ်အိုများအား နိုင်ငံတော်ကပြုစုစောင့်ရှောက်ပေးရန် ဥပဒေတစ်ရပ် ချမှတ်ပေးသင့်ပါသည်။

နိုင်ငံအများအပြားတွင် Senior Citizen ဟု သတ်မှတ်သော သက်ကြီးရွယ်အိုများအား ထောက်ပံ့ကူညီမှုများကို နိုင်ငံတော်အစိုးရနှင့် အခြားအဖွဲ့အစည်းများကပါ ကူညီထောက်ပံ့မှုပေးကြပါတယ်။

သို့ပါ၍ 'သက်ကြီးရွယ်အိုအဖြစ် သတ်မှတ်ထားသော အရွယ်သို့ရောက်ရှိသော နိုင်ငံသား၊ သက်ကြီးရွယ်အိုများကို နိုင်ငံတော်က ဥပဒေတစ်ရပ်သတ်မှတ်၍ ပြုစုစောင့်ရှောက်မှုပေးရန်'ဟု အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် အကြံပြုတင်ပြအပ်ပါတယ်"

လို့ အကြံပြုသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်တဲ့ မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများတွင် **"နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်မည်"**လို့ဖော်ပြထားပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်ကလဲ လူမှုရေးကဏ္ဍရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အမှတ်စဉ်(၁၂)၌ **"ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး"** ဆိုတဲ့အချက်ကို ထည့်သွင်းချမှတ်ပြီးဖြစ်ပါတယ်။ လက်ရှိလဲ သက်ကြီးရွယ်အိုများကို နိုင်ငံတော်နဲ့ အခြားအဖွဲ့အစည်းများက ပြုစုစောင့်ရှောက်ပေးနေသလို နောင်တွင်လဲ ဖော်ပြပါ အခြေခံမူများနဲ့အညီ စောင့်ရှောက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့ကပဲ–

"နိုင်ငံတော်က ချမှတ်သော လူမှုရေးဦးတည်ချက်လေးရပ်နှင့်အညီ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ အခြေခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးကို နေရာကွက်လပ်မကျန် ဆောင်ရွက်နိုင်ရန်မှာ အနာဂတ်နိုင်ငံတော်တွင်လည်း ပဏာမကျန်းမာရေးစောင့်ရှောက်မှု Primary Health Care လူတိုင်းရရှိ ခံစားနိုင်စေရန် နိုင်ငံတော်မှ အခြေခံရပိုင်ခွင့် အဖြစ် ဥပဒေဖြင့်သတ်မှတ်ပေးသင့်ပါကြောင်းကိုလည်း အကြံပြုတင်ပြအပ်ပါတယ်"

လို့ အကြံပြုသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် ကျွန်တော် ရှေ့ပိုင်းတွင် ရှင်းလင်းပြောကြားခဲ့စဉ်က တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က အကြံပြုသွားတဲ့ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်"ဆိုတဲ့အချက်ကို အသေးစိတ်အခြေခံရမယ့်မူ အပိုဒ်(၂၅)အဖြစ် ဖော်ပြသင့်ကြောင်း ညီလာခံကိုယ်စားလှယ် အများအပြားက အကြံပြုခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ အကြံပြုချက်ကို အခြေခံရပိုင်ခွင့်အဖြစ် သတ်မှတ်ပေးရန်လိုမည် မဟုတ်ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိ

"ဥပဒေအရပြစ်ဒဏ်ကျခံရ၍ ဆောင်ရွက်ရခြင်း၊ အများပြည်သူအကျိုးအတွက် ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်ကြောင်း အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်မှာပါဝင်တဲ့ အမှတ်စဉ်(၁၄)နှင့်(၁၅) အချက်နှစ်ချက်အား အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒီနေရာမှာ အကြံပြုလိုတဲ့ အချက်တစ်ချက်ကတော့ အမှတ်စဉ်(၁၄)မှာ ပါဝင်တဲ့ 'လူအရောင်းအဝယ်' ဟူသော စကားရပ်အစား ၂၀၀၅ ခုနှစ်တွင် ဥပဒေပြုခဲ့သော 'လူကုန်ကူးခြင်း' ဟူသော စကားရပ်ဖြင့် အစားထိုးသင့်ပါကြောင်း" အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

"လူအရောင်းအဝယ်ပြုခြင်း"ဆိုတဲ့ စကားရပ်ဟာ ရှေးက သုံးနှုန်းခဲ့တဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ "လူကုန်ကူးခြင်း"ဆိုတဲ့စကားရပ်ဟာ ယခုကာလ အသုံးအနှုန်းဖြစ်ပြီး နိုင်ငံတကာမှာလည်းသုံးနှုန်းနေတဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ အဓိပ္ပာယ်ချင်းတူညီသော်လည်း ခေတ်နှင့်ဆီလျော်ပြီး အဓိပ္ပာယ်ပိုမိုကျယ်ဝန်းပြည့်စုံမှုရှိတဲ့အတွက် "လူကုန်ကူးမှု"လို့ ဖော်ပြသင့်ကြောင်း သုံးသပ်ရရှိပါတယ်။ "လူကုန်ကူးမှု"ဆိုတဲ့ အကြံပြုချက်ဟာ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူနဲ့လည်း ကိုက်ညီလို့အလေးအနက်ထား စဉ်းစားသင့်ကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် ဖော်ပြပါ အကြံပြုချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းခဲ့ပါတယ်။ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နဲ့သက်ဆိုင်တဲ့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့် တင်ပြခဲ့ကြပါတယ်။ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ အများအပြားက အသေးစိတ်အခြေခံရမယ့်မူ အမှတ်စဉ်(၁၄)အဖြစ် **"နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်"**လို့ဖော်ပြသင့်ကြောင်း အကြံပြုခဲ့တာ တွေ့ရှိရပါတယ်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ကပဲ–

"ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အနေဖြင့် နိုင်ငံသားများ၏ တာဝန်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်–

(က) နိုင်ငံသားတိုင်းသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တို့ကို တန်ဖိုးထားလေးစားရန်နှင့် ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိသည်။

(ခ) နိုင်ငံသားတိုင်းသည် သဘာဝ ပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိသည်။

(ဂ) နိုင်ငံသားတိုင်းသည် လူ့စွမ်းအား အရင်းအမြစ် (Human Resources) ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းကြရန် တာဝန်ရှိသည်။

(ဃ) နိုင်ငံသားတိုင်းသည် အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ပေးရန် တာဝန်ရှိသည်"

လို့ အကြံပြုသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်ဟာ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူနဲ့လည်းကိုက်ညီတဲ့အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်းတွေ့ရှိရပါတယ်။ ဒါပေမယ့် ဖော်ပြပါ အကြံပြုချက်များဟာ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများအရ နိုင်ငံတော်ကသာ တာဝန်ယူဆောင်ရွက်သွားရမယ့် ကိစ္စရပ်များဖြစ်ပါတယ်။ နိုင်ငံသားများအနေနဲ့ နိုင်ငံတော်က ဒီကိစ္စရပ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အောင်မြင်မှုရှိစေဖို့အတွက် ဝိုင်းဝန်းကူညီပေးရန်သာ တာဝန်ရှိသင့်ပါတယ်။

ဒါကြောင့် ဖော်ပြပါ အကြံပြုချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းခဲ့ပါတယ်။ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နဲ့ သက်ဆိုင်တဲ့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြပါတယ်။ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အများအပြားက နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် အသေးစိတ် အခြေခံရမယ့်မူအဖြစ်–

"နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါ ကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်–

(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လူ့စွမ်းအားအရင်းအမြစ်(Human Resources) ဖွံ့ဖြိုး တိုးတက်ရေးမြင့်မားလာစေရန် ကြိုးပမ်းခြင်း၊

(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း"

လို့ ဖော်ပြသင့်ကြောင်း အကြံပြုခဲ့တာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီရဲ့ သဘာထားအတိုင်း တင်ပြသွားပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"နိုင်ငံတော် တစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲတဲ့နေရာမှာ အရေးကြီးသလို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့ အခြေခံဥပဒေဟာလည်း အချိန်မရွေး၊ နေရာဒေသမရွေး၊ လူပုဂ္ဂိုလ်မရွေး၊ ကျိုးကြောင်းပြချက်မရွေး၊ အခြေအနေ အချိန်ကာလတိုင်းမှာ ထာဝစဉ် တန်ခိုးထက်မြက်ပြီး အသက်ရှင်နေဖို့ အလွန်တရာ အရေးကြီးလှပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ထာဝစဉ် ရှင်သန်နိုင်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများနဲ့တကွ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များကို သီးသီးသန့်သန့် တိတိကျကျ ပြဋ္ဌာန်းထားရှိပေးဖို့လည်း လိုအပ်မှာ ဖြစ်ပါကြောင်း"ဟူ၍လည်းကောင်း၊

"ညီမျှမှု အခွင့်အရေးများ"နဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြဆွေးနွေးလိုပါတယ်။ အနာဂတ်နိုင်ငံတော်သစ်ကို ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်များဖြင့် တည်ဆောက်သွားမှာဖြစ်ကြောင်း ချမှတ်ခဲ့ကြပြီးဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးမှုအရ စီးပွားရေး လုပ်ငန်းများကို နိုင်ငံတကာနှင့် ကူးလူး ဆက်ဆံလုပ်ကိုင်နေကြမှာ ဖြစ်ပါတယ်။ နိုင်ငံခြား တိုင်းပြည်များမှ မိမိနိုင်ငံတွင် လာရောက်လုပ်ကိုင်ကြသည့်နည်းတူ မိမိနိုင်ငံမှ လည်း နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်လုပ်ကိုင်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံခြားမှာ တရားဝင်သွားရောက်လုပ်ကိုင်သည့်အတွက် နိုင်ငံတော်မှ သတ်မှတ်သည့် အခွန်အခများ နိုင်ငံတော်သို့ ပေးဆောင်ကြရပါတယ်။ နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားငွေများ ရရှိလာတာ အမှန်ဖြစ်ပါတယ်။ ပြည်တွင်းတွင် ကျန်ခဲ့သည့် မိသားစုများထံသို့လည်း ငွေများ ပြန်လည်ပို့ပေးနိုင်သဖြင့် ပြည်တွင်း လှည့်လည်သုံးစွဲမှုအပိုင်းမှာလည်း တိုးတက်လာပါတယ်။ သို့ဖြစ်သည်နှင့်အားလျော်စွာ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေကြသော မိမိနိုင်ငံသားများအား နိုင်ငံတော်က ဥပဒေနဲ့ အကာအကွယ်ပေးသင့်ပါတယ်။ တချို့ နိုင်ငံများတွင် သဘာဝဘေးအန္တရာယ် တစ်ခုခုကြောင့် လည်းကောင်း၊ စစ်မက်ရေးရာ အခြေအနေတစ်ခုခုကြောင့်သော်လည်းကောင်း မိမိတို့ နိုင်ငံသားများကို ပြန်လည်ခေါ်ယူဖို့လိုအပ်လာရင် သက်ဆိုင်ရာနိုင်ငံများမှလည်း ပြန်လည်ခေါ်ဆောင်ပေးနေတာကိုလည်း ကြားသိမြင်တွေ့နေရပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနှင့်လည်း စီမံဆောင်ရွက်ပေးသင့်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျန်နေခဲ့တဲ့ မိမိနိုင်ငံသားများအားလည်း ဥပဒေနဲ့အညီ နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးသင့်ပါတယ်။ အဆိုပါကိစ္စအတွက် နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နည်းဥပဒေများ၊ ပြဋ္ဌာန်းချက်များတွင် တိတိကျကျ ပြဋ္ဌာန်းထည့်သွင်းပေးသင့်ပါကြောင်း"ဟုလည်းကောင်း၊

"ပါတီစုံ ဒီမိုကရေစီ စနစ်ကျင့်သုံးတဲ့ နိုင်ငံများမှာ မီဒီယာတွေကို လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့် ပြုကြတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ ကိစ္စများ(တိုးတက်အောင်မြင်တာတွေရော ဆုတ်ယုတ်ရှုံးနိမ့်တာတွေပါ မကောင်းတာတွေရော၊ ကောင်းတာတွေပါ) ပြည်သူတို့ သိရှိသင့်သမျှ သိရှိနိုင်အောင် ဖွင့်ပေးရပါမယ်။ အမှန်ကို အမှန်အတိုင်းသာသိခွင့်ရရင် ကောလာဟလဆိုတာလည်း ပေါ်လာစရာမရှိပါ။ ကုန်ဈေးနှုန်းသတင်းအမှန်ကို သိပါမှ ကုန်ဈေးနှုန်းတည်ငြိမ်မှု ရှိလာမယ်။ အုပ်ချုပ်ရေး သတင်းအမှန်ကို သိပါမှ ပြည်သူဘဝ တည်ငြိမ်အေးချမ်း သာယာလာမယ်။ စီးပွားရေးဆိုင်ရာ သတင်းအမှန်ကို သိခွင့်ရရင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ကြိုးစားဆောင်ရွက်လာနိုင်ကြမှာ ဖြစ်ပါတယ်။ IT နည်းပညာတွေ လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းလာနေတဲ့ ယနေ့ခေတ်ကာလမှာ ပြည်တွင်း မီဒီယာတွေကို ထိန်းချုပ်မှုလွန်ကဲလွန်းရင် ပြည်သူတွေ အနေဖြင့် ပြင်ပမီဒီယာတွေကိုသာ အာရုံစူးစိုက်စိတ်ဝင်စားလာပါလိမ့်မယ်။ စိတ်ဝင်စားမှု များပြားလာတာနဲ့အမျှ ပြင်ပမီဒီယာတွေက လွှမ်းမိုးနေရာယူလာမှာ ဖြစ်ပါတယ်။ ဒီအတွက်နောင်ဖြစ်ပေါ်လာမယ့် အနာဂတ်နိုင်ငံသစ်တွင် သင့်တော်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီး ဥပဒေနဲ့အညီ မီဒီယာလုပ်ငန်းတွေကို ခွင့်ပြုသင့်ပါကြောင်း"ဟုလည်းကောင်း၊

"စာပေနှင့် ယဉ်ကျေးမှု ကွယ်ပျောက်ရင် လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါတယ်။ စာပေနှင့်ယဉ်ကျေးမှု မထိန်းသိမ်းနိုင်လို့ လူမျိုးပါ ကွယ်ပျောက်သွားတဲ့ အဖြစ်အပျက်များရှိပါကြောင်း ကမ္ဘာမှာ သာဓက များစွာရှိပါတယ်။ သို့ဖြစ်၍ အချို့ တိုင်းရင်းသားလူမျိုးနွယ်စုများရဲ့ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းနိုင်ရေး၊ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်စေရေးတို့အတွက် နိုင်ငံတော်မှ ငွေကြေးများထောက်ပံ့ပေးခြင်း၊ လိုအပ်တဲ့ပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကိုဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ ယခုအခါ ယဉ်ကျေးမှုတက္ကသိုလ်ကြီးလဲ ဖွင့်လှစ်ပြီးဖြစ်ရာ ယင်းတက္ကသိုလ်၌ တိုင်းရင်းသား စာပေယဉ်ကျေးမှုများကိုလည်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအဖြစ် ပြဋ္ဌာန်းပြီး မသင်မနေရ သင်ကြားစေသင့်ပါတယ်။ အဲဒါမှ တိုင်းရင်းသားအချင်းချင်း တန်းတူမှုကိုထိန်းသိမ်းရာ ကျမှာဖြစ်ပြီး အပြန်အလှန် လေးစားယုံကြည်မှုများလဲ ရရှိလာနိုင်မှာ ဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။

တိုင်းရင်းသားလူမျိုးနွယ်စုများလည်း မြန်မာနိုင်ငံတည်သရွေ့ ရှင်သန်နေကြမှာဖြစ်ပါတယ်။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးနွယ်စုတိုင်းဟာ မိမိတို့မြတ်နိုးတဲ့ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများကို လွတ်လပ်စွာဖော်ထုတ်၊ ထိန်းသိမ်းခွင့်ရှိစေသင့်သလို နိုင်ငံတော်မှာလဲ လိုအပ်တဲ့ပံ့ပိုးကူညီမှုများကို အခါအားလျော်စွာ ထောက်ပံ့ပေးသင့်ပါကြောင်း"ဟု လည်းကောင်း၊

"ပညာသင်ကြားရေးနဲ့ပတ်သက်လို့လဲ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ အခြား ဆက်သွယ်ရေးနည်းလမ်းများ၊ သင်ကြားရေး ဆရာ၊ ဆရာမ ပြည့်စုံမှု၊ လျှပ်စစ်မီးရရှိမှု၊ ပြင်ပကျူရှင်များ ကောင်းကောင်းဖြစ်ထွန်းမှုစတဲ့ ဒေသများမှ ကျောင်းသူ ကျောင်းသားများဟာ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သင်ကြားရေးဆရာလုံလောက်မှုစတဲ့ အထက်ဖော်ပြပါ အချက်အလက်များနဲ့မပြည့်စုံတဲ့ဒေသများ၊ အထူးသဖြင့် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများက ကျောင်းသူကျောင်းသားများထက် သာလွန်နေတာကို တွေ့ရပါတယ်။ ဒါဟာလဲ သဘာဝကျပါတယ်။ ဒါပေမယ့် တိုင်းပြည်အတွက်တော့ ကောင်းတဲ့အဖြေဖြစ်မလာနိုင်ပါ။ အနာဂတ်နိုင်ငံတော်သစ်တွင် အခုလို ကွာဟမှုမျိုးမဖြစ်ပေါ်စေရန်နှင့် ကွာဟမှုများနည်းနိုင်သမျှ နည်းပါးစေရန်အတွက် နိုင်ငံတော်ကလိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေများဖြင့် စီမံဆောင်ရွက်သင့်ပါကြောင်း"ဟု လည်းကောင်း၊

"ဥပဒေနဲ့မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများ ဆောင်ရွက်တဲ့အခါမှာ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသင့်ပါတယ်။

မည်သို့ပင်ဖြစ်စေ နောင်ဖြစ်ပေါ်လာမည့် အနာဂတ်နိုင်ငံတော်သစ်တွင်–

၁။ ချမ်းသာကြွယ်ဝသူများ ပို၍ချမ်းသာကြွယ်ဝလာခြင်း၊

၂။ လူလတ်တန်းစားများ ထိခိုက်နစ်နာလာခြင်း၊

၃။ ဆင်းရဲသူများ ပို၍ဆင်းရဲလာခြင်း၊

များ မဖြစ်ရလေအောင် ပြည်သူများ၏ဝင်ငွေလွန်ကဲစွာ ကွာဟမှုနှင့် အလုပ်လက်မဲ့လွန်ကဲမှုများကို နိုင်ငံတော်အစိုးရက လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပြီး မလွဲမသွေထိန်းသိမ်းပေးရန်လိုအပ်မှာဖြစ်ကြောင်း"ဟု လည်းကောင်း အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်တွေနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် တိုင်းရင်းသားများနဲ့ စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနဲ့ စပ်လျဉ်း၍လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေးနဲ့စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးနဲ့စပ်လျဉ်း၍လည်းကောင်း အခြေခံမူများ ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီချမှတ်ခဲ့ပြီးဖြစ်တဲ့ အခြေခံမူတွေအရ နိုင်ငံတော်က အဲဒီကိစ္စရပ်တွေမှာ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်သွားရန်နှင့် လိုအပ်သော ဥပဒေများပြဋ္ဌာန်းသွားရန်တို့အတွက် ဖော်ပြထားပြီးဖြစ်ပါကြောင်း ရှင်းလင်း ပြောကြားအပ်ပါတယ်။

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်ပါ သုံးဦးတို့ကပဲ–

"နိုင်ငံသားများရဲ့ စိတ်ချမ်းသာမှုနဲ့ အကျိုးစီးပွားဖြစ်ဖို့ခိုင်မာတဲ့ငွေကြေးဆိုင်ရာ ပေါ်လစီရှိဖို့လိုအပ်ပါတယ်။ ငွေကြေးတန်ဖိုးဖောင်းပွမှုမဖြစ်စေရန်အတွက် ငွေကြေးအာမခံချက်များရှိရန်လိုအပ်ပါတယ်။ အမျိုးသားညီလာခံက စီးပွားရေးနဲ့စပ်လျဉ်းတဲ့အခြေခံမူ(၇)ချက်တွင်"နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု" ဟူ၍ ချမှတ်ခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ၎င်းအခြေခံမူကိုပင် "စီးပွားရေးဆိုင်ရာ အခွင့်အရေးများ"အခန်းသို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြောင်းရွှေ့ ဖြည့်စွက်ဖော်ပြပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါကြောင့် "စီးပွားရေးဆိုင်ရာ အခွင့်အရေးများ"

၄။ နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင် ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု"

လို့ အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရရင် ချမှတ်ပြီးတဲ့ အခြေခံမူမှာဖော်ပြထားတဲ့**"နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု"**ဆိုတဲ့အချက်ဟာ နိုင်ငံတော်က ကျင့်သုံးမယ့် စီးပွားရေးဆိုင်ရာမူဝါဒတစ်ရပ်အနေနဲ့ နိုင်ငံသားများအပေါ်မှာ နိုင်ငံတော်ရဲ့ အာမခံချက်၊ ကတိပြုမှုသဘောပဲဖြစ်ပါတယ်။ နိုင်ငံသားများရဲ့စီးပွားရေးဆိုင်ရာ အခွင့်အရေးသဘောမျိုး မသက်ရောက်တာကြောင့် ပြောင်းရွှေ့ဖော်ပြရန်လိုမည်မဟုတ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး–

"၁။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ။

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်။

၃။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၄။ နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။

၅။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်း ရရှိစေရမည်–

(က) ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊

(ခ) အလုပ်လုပ်ကိုင်မှု၊

(ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊

(င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊

(စ) ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့်နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု။

၆။ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်။

၇။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိစေရမည်။

၈။ နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ် ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။

သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။

၉။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ။

၁၀။ နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်–

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြား ဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၁၁။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့် အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။

၁၂။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၁၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ် ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

၁၄။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်။

၁၅။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှ တစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။

၁၆။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြား ပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် မည်သူမဆို ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိရမည်။

၁၇။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ် နေစေကာမူ ထိုသို့ ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးရာ ဆောင်ရွက်မှုတို့ကို အထက်ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

စာမျက်နှာ ၁၀ ကော်လံ ၁

စာမျက်နှာ ၉ မှ

၁၈။ ထိုသို့ ဘာသာ သာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော **အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူအကျိုးကိစ္စ** နှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၁၉။ **ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး** ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၂၀။ **နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာ** သာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာ တို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော် **တွင်ရှိနေကြသော ကိုးကွယ်ရာ ဘာသာများဟူ၍ အသိအမှတ်ပြု** သည်။

၂၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာသာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၂၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့် သော် လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေ ပြဋ္ဌာန်းနိုင် သည်။

၂၃။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ် ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများသည် အချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ–
(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊
(ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်၊
(ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့်အနုပညာ ခေတ်မီတိုးတက် အောင် တီထွင်ကြံဆ ဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှု ကိစ္စများတွင် လွတ်လပ်စွာသုတေသနပြု ဖော်ထုတ်ဆောင်ရွက် ခွင့်ရှိသည်။

၂၅။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ကျန်းမာရေး ဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့် ရှိသည်။

၂၆။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ မိမိတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်။

၂၇။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့် ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၂၈။ လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၂၉။ နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး အတွက် နိုင်ငံသားများသည် စီးပွားရေး လုပ်ငန်းများကို ဥပဒေနှင့် အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၃၀။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

၃၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့် ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်း ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင် တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။

၃၂။ ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို ယင်းပြစ်မှု ကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုထင်ရှား စီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်း မပြုရ။

၃၃။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ် **အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖြစ်စေ၊ အမှုမှ အပြီးအပြတ်** လွှတ်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှု ထင်ရှားစီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့် တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တစ်ဖန်ပြန်လည် စစ်ဆေး စေရန် အမိန့်ချမှတ်သည့်အခါမှအပ ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

၃၄။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည်။

၃၅။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်း သာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင် ကာကွယ်ထားရှိရန် လိုအပ်သော ကိစ္စ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး မည်သူ့ကိုမျှ စီရင် ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ (၂၄)နာရီထက်ပို၍ ချုပ်နှောင်ခြင်း မပြုရ။

၃၆။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလို ပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော် ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်ရှိရမည်။

၃၇။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့် တစ်ရပ် ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိရမည်–
(က) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊
(ခ) အာဏာပေး စာချွန်တော်အမိန့်၊
(ဂ) **တားမြစ်စေ စာချွန်တော်အမိန့်၊**
(ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့်၊
(င) အမှုခေါ် စာချွန်တော်အမိန့်။
ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့အပ်နှင်းသည့် စာချွန်တော်အမိန့် များထုတ်ဆင့်ခွင့် အာဏာသည် အခြားတရားရုံးများအား တည်ဆဲ ဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုး **သက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။**

၃၈။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများ ပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး အပိုဒ် ၃၆ပါ **အခွင့်အရေးများ တောင်းခံခွင့်ကို ရပ်ဆိုင်းမထားရ။**
(က) စစ်မက်ဖြစ်ပွားချိန်၊
(ခ) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊
(ဂ) **ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်။**

၃၉။ နိုင်ငံခြား တိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် **ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်** ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၄၀။ အောက်တွင် ဖော်ပြထားသော အခြေအနေနှင့် အချိန်အခါမှအပ **နိုင်ငံသားများ၏ တရားဝင် ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက်** ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်း မပြုရ–
(က) **တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊**
(ခ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊
(ဂ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်။

၄၁။ **ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံ** ရေး တာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်း **သေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော** အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်း ပြုရမည်။

၄၂။ နိုင်ငံသားတိုင်းသည်–
(က) ပြည်ထောင်စုမပြိုကွဲရေး၊
(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်
(ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး
တို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၄၃။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၄၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ် အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄၅။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင် ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန် ရှိသည်။

၄၆။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်း သား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၇။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄၈။ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက် များကို ပေးဆောင်ရန် တာဝန်ရှိသည်။

၄၉။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော် အား ကူညီရန်တာဝန်ရှိသည်–
(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက် ခြင်း၊
(ခ) သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ဂ) လူ့စွမ်းအားအရင်းအမြစ် (Human Resources) ဖွံ့ဖြိုး တိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊
(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

၅၀။ ဤအခန်းပါ "နိုင်ငံတော်"ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့် အာဏာကို သော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကိုဆိုလိုသည်"

လို့ချမှတ်လိုက်တဲ့ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနဲ့စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

မန်ယူတိုက်စစ်မှူး ရွန်နေ ဟက်ထရစ်သွင်းပြီး အောင်ပွဲခံ

ပရီမီယာလိဂ်မြင်ကွင်း–မြင့်စိုး

လန်ဒန် အောက်တိုဘာ ၂၈

ပရီမီယာလိဂ်ပွဲစဉ်(၁၀)ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ၂၈ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ချက်စတာယူနိုက်တက်အသင်းက ဘော်လ်တန် အသင်းကို လေးဂိုးပြတ်သွင်းပြီး ပြိုင်ပွဲဇယား၌ ဆက်လက်ဦးဆောင်လျက်ရှိသည်။

တိုက်စစ်မှူးရွန်နေသည် ဟက်ထရစ်(သုံးဂိုး)သွင်းပေးနိုင်ခဲ့သလို ဘော်လ်တန် အသင်းသည်လည်း အိမ်ကွင်း၌ယခုနှစ်ရာသီတွင် ပထမဆုံးအရှုံးဖြင့် ရင်ဆိုင် ခဲ့ရသည်။

ရွန်နေသည် ပွဲစပြီး၁၀မိနစ်မှာပင် မိုက်ကယ်ကာရစ်ဖြတ်ပို့လိုက်သော ဘောလုံးမှတစ်ဆင့် ဖွင့်ဆော်ဦးဂိုး သွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး ခြောက်မိနစ် အကြာ ရွန်နေကပင် ဘော်လ်တန် ဂိုးဧရိယာအပြင်ဘက်မှ ကန်သွင်း၍ ဒုတိယဂိုး ရခဲ့ပြန်သည်။

ဘော်လ်တန်အသင်းသည် ချေပဂိုးသွင်းရန် ကြိုးစားသော်လည်း မအောင်မြင် သည့်အပြင် ဆာဟာကပင် တတိယမြောက်ဂိုးသွင်းမည့် အနေအထားသို့ ရောက်ခဲ့သည်။

မန်ယူအတွက် တတိယမြောက်ဂိုးကို စီရိုနယ်ဒိုက ပွဲချိန် ၈၂မိနစ်တွင် သွင်းယူပေးခဲ့သည်။ ပွဲပြီးရန် တစ်မိနစ်အလိုတွင် တိုက်စစ်မှူးရွန်နေက ဟက် ထရစ်ဂိုးအဖြစ် သွင်းယူခဲ့၍ မန်ယူတို့ လေးဂိုး– ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မန်ယူတိုက်စစ်မှူးရွန်နေသည် မန်ယူအသင်းနှင့် အင်္ဂလန်အသင်းအတွက် ၁၁ပွဲပါဝင်ကစားခဲ့ရာ ယခုနှစ်တွင် တစ်ဂိုးမျှ မသွင်းပေးနိုင်ခဲ့ဘဲ သူ၏ အသက် ၂၁နှစ်ပြည့်ပြီး လေးရက်အကြာ ယနေ့ဘော်လ်တန်နှင့် ပွဲစဉ်တွင် ဂိုးမိုးရွာနိုင်ခဲ့ပြီ ဖြစ်သည်။

ဘော်လ်တန်ဘက်သို့ ဟက်ထရစ်သွင်း၍ အောင်ပွဲခံနေသော မန်ယူတိုက်စစ်မှူး ရွန်နေ။ (ဓာတ်ပုံ–အင်တာနက်)

ရက်ဖီး–ချယ်လ်ဆီး

ရက်ဖီးအသင်းသည် ပထမပိုင်း ၁၇မိနစ်တွင် ပယ်နယ်တီလွဲချော်ခဲ့မှု အတွက် ပေးဆပ်ခဲ့ရသကဲ့သို့ ချန်ပီယံချယ်လ်ဆီးအသင်းသည် အလွယ်တကူ အောင်ပွဲခံနိုင်ခဲ့သည်။

ရက်ဖီးရသော ပယ်နယ်တီမှာ ဒရော့ဘာက ကလောဒီဒေးဗစ်အား ကြမ်းတမ်းစွာကစားခဲ့၍ ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပယ်နယ်တီကို ဒန်နီ ဝက်ဘာ ကန်သွင်းသော်လည်း ချယ်လ်ဆီးဂိုးသမား ဟီလာရီယို ကာကွယ်ပေး နိုင်ခဲ့သည်။

ပထမပိုင်းမပြီးမီ နှစ်မိနစ်အလိုတွင် ချယ်လ်ဆီးအသင်းအတွက် ဖွင့်ဆော် ဦးဂိုးကို ဖရန့်လမ်းပတ်က သွင်းယူခဲ့သည်။

ဒုတိယပိုင်းပြန်စပြီး မကြာမီမှာပင် လမ်းပတ်ဖြတ်တင်လိုက်သော ဘောလုံးမှတစ်ဆင့် မိုက်ကယ်ဘောလက် ခေါင်းတိုက်သွင်းယူသွားခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် စိုးရိမ်စရာတစ်ခုမှာ ချန်ပီယံလိဂ်တွင် ဘာစီ လိုနာနှင့်ကစားစဉ် ဒဏ်ရာရထားသော ဒရော့ဘာသည် ဒုတိယပိုင်းတွင် ကွင်းအတွင်း ဝင်မလာနိုင်တော့ဘဲရှိပြီး ၎င်းအစား ကာလူးဝင်ကစားခဲ့သည်။

ရက်ဖီးယူနိုက်တက်မှ မိုက်ကယ်တန့်ဂျ်သည်လည်း ပွဲအစတွင် ဂျိုကိုးလ်နှင့် ဘောလုံးယှဉ်လုစဉ် ခြေထောက်ဒဏ်ရာရရှိ၍ မောင့်ဂိုမာရီ ဝင်ကစားခဲ့ရ သည်။

အခြားပွဲရလဒ်များ

လီဗာပူး	၃–၁	အက်စတွန်ဗီလာ
အာဆင်နယ်	၁–၁	အဲဗာတန်
ပို့စ်မောက်	၃–၁	ရက်ဒင်း
ဝက်ဖို့ဒ်	၀–၀	တော့တင်ဟမ်။

(ကိုးကား–အင်တာနက်)

ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့အထွက် လားရှိုး-သိန္နီ ကားလမ်းဘေး ကုန်းမြင့်ယာမြေ(၁)ရှိ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ကြက်ဆူစေ့ဆီကြိတ်စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံမန်နေဂျာဦးမိုးမင်းဦးက စက်တပ်ဆင်ပြီးစီးမှုနှင့် စက်ရုံလည်ပတ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကုန်ကြမ်းများကို ဒေသတွင်းမှာပင် တစ်ချိန်တည်း လိုသမျှရရှိနိုင်တော့မည်ဖြစ်ရာ ပြည်နယ်၏ စက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ စက်အရန် ပစ္စည်းများကိုလည်း အသင့်စုဆောင်းထားရှိရန် လိုကြောင်း မှာကြားပြီး စက်ရုံအတွင်းရှိ တပ်ဆင်ပြီးဖြစ်သော ကြက်ဆူစေ့ဆီကြိတ်စက်ကိုလည်းကောင်း၊ စက်ရုံပြင်ပရှိ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တပ်ဆင်လည်ပတ်

အဆိုပါကြက်ဆူစေ့ဆီ ကြိတ်စက်ရုံသည် အလျားပေ၁၂၀၊ အနံပေ၄၀ ရှိ အုတ်တစ်ထပ်အဆောက်အအုံ ဖြစ်ပြီး တစ်ရက်လျှင် ဂါလန်၂၀၀ ထုတ်လုပ်နိုင်သည့်စက်နှစ်လုံးတပ်ဆင် လည်ပတ်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်စလပ်ကျေးရွာအနီးရှိ တိုးဂိတ် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များက ကြိုဆိုကြသည်။

ဆက်လက်၍ တိုးဂိတ်ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းကိုယ်စား တိုင်းမှူးက နယ်မြေခံတပ်နယ်မှ စစ်သည်မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နားတီးကျေးရွာအထွက်ရှိ သိန္နီ-ကွမ်းလုံ သဲတောင်ရှောင်ကွင်းလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာ ဦးအေးကြူက သိန္နီ-ကွမ်းလုံ သဲတောင်ရှောင်ကွင်းလမ်း မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက သိန္နီ-ကွမ်းလုံ လမ်းပေါ်ရှိ ၂၇မိုင် လေးဖာလုံရှိ နားတီး-ကာမိုင်း-လွယ်ပွဲ-ကြန်ကြာကျိုင်း-ဖာဆန် သဲတောင်ရှောင်ကွင်းလမ်းကို နွေမိုးဆောင်း ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်း လမ်းချောအဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ် ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကွမ်းလုံခရိုင် ဟိုပန်မြို့သို့ ရောက်ရှိကြပြီး ဟိုပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဟိုပန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေကြိုင်တို့က မြို့နယ်အတွင်းဒေသ ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဌာနဆိုင်ရာ တာဝန်ခံများအနေဖြင့် မိမိဌာန လုပ်ငန်းတာဝန်များကို ပိုင်ပိုင်နိုင်နိုင် သိရှိနားလည်နေအောင် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့်စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် စီမံကိန်းရည်မှန်းချက် အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဟိုပန်မြို့နယ် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံနှင့် ပန်လုံတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်တို့အတွက် ငွေကျပ်တစ်သိန်းစီ၊ ဟိုပန်မြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် ပန်လုံကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်းတို့အတွက် ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ ဒေါက်တာမြင့်ဦးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နမ့်တစ်မြို့ရှိ 'ဝ'အထူးဒေသ(၂)သို့ ရောက်ရှိကြပြီး ရော်ဘာစိုက်ခင်းများ၊ ရော်ဘာချက်စက်ရုံ၏ ထုတ်လုပ်မှု အဆင့်ဆင့်နှင့် ရေအားလျှပ်စစ်စက်ရုံ အဆောက်အအုံ ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ 'ဝ'အထူးဒေသ(၂)မှ ဦးလူရှင်းဂျာနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် 'ဝ' အထူးဒေသ(၂) အစည်းအဝေးခန်းမ၌ 'ဝ'အထူးဒေသ(၂)မှ ဦးလူရှင်းဂျာနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နမ့်တစ်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဖြစ်ထွန်းအောင်မြင်

နမ့်တစ်ဒေသတွင် နှစ်ရှည်ပင်ရော်ဘာ ၄၂၀၅ဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး 'ဝ'အထူးဒေသ(၂)တွင် စုစုပေါင်းရော်ဘာ ၁၅၄၆၆ ဧက စိုက်ပျိုးထားပြီး ဖြစ်ကြောင်း သိရှိရသည်။

တွေ့ဆုံ

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကွမ်းလုံမြို့ သံလွင်ဧည့်ရိပ်သာ ဧည့်ခန်းမ၌ ကွမ်းလုံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ကွမ်းလုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကွမ်းလုံနှင့် ဟိုပန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း တူရကီနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၆ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ တူရကီသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာအဗဒူလာဂူး(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံအား ကြိုဆိုပါသည်

အ	ကျိုးဖွေလှစ်၊ အဆိုးပစ်ရန်
မျိုး	ချစ်စိတ်သွင်း၊ စုစည်းရင်းဖြင့်
သား	ချင်းဒို့တွေ၊ ပေါင်းဆုံလေကာ
ညီ	စေဆန္ဒ၊ ပြုစုကြမည်
လာ	ကြံအတူ၊ အခြေခံမူများ
ခံ	ယူချက်မှန်၊ ရေးဆွဲရန်ဖို့
အား	မာန်ကိုဝင့်၊ မျှော်တွေးချင့်၍
ကြို	လင့်အမှန်၊ ရွှေနိုင်ငံဟု
ဆို	ရန်အစဉ်၊ အမည်တွင်ရန်
ပါ	ဝင်ကြပေ၊ ဆောင်ရွက်လေပြီ
သည်	မြေသည်ရေ၊ ဘိုးဘွားအမွေမို့
	ဒို့တွေချစ်ကာ၊ ထိန်းသိမ်းပါစို့။ ။

မြပုလဲမြေ-သိန်းနိုင်(မြိတ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပလုတ်တုတ်ကလေးဂျာနယ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ခုနှစ် ဒသမအကြိမ် မူကြိုအဆင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပလုတ်တုတ်ကလေးဂျာနယ်မူကြိုအဆင့် ပန်းချီပြိုင်ပွဲဆုချီးမြှင့် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပလုတ်တုတ်ကလေးဂျာနယ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ခုနှစ် ဒသမအကြိမ် ပလုတ်တုတ်ကလေးဂျာနယ်မူကြိုအဆင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၄) မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်တင်တင်နွဲ့၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ပလုတ်တုတ်ဂျာနယ်အယ်ဒီတာချုပ်ဒေါက်တာသာထွန်းဦး၊ ဆုရ မူကြိုကလေးငယ်များနှင့် ၎င်းတို့၏ မိဘများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် ပလုတ်တုတ် ကလေးဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာသာထွန်းဦးက ပြိုင်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးဒေါ်တင်တင်နွဲ့၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက မူလတန်းကြိုကျောင်းများမှ ဆုရ ရင်သွေးငယ်များအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် ပလုတ်တုတ်ကလေးဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာသာထွန်းဦးက အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် ခန်းမအတွင်း ပြသထားသော ရင်သွေးငယ်များ၏ ဆုရပန်းချီကားများကိုလှည့်လည်ကြည့်ရှုကြသည်။

ပံ့ပိုးကူညီ

ယခုနှစ် ကျင်းပသည့် ဒသမအကြိမ်မြောက် ပန်းချီပြိုင်ပွဲအတွက် ပလုတ်တုတ် ကလေးဂျာနယ်နှင့်အတူ AB Food & Beverages Ltd. (Ovaltine)၊ Europe & Asia Commercial Co., Ltd. (Family Care ဆပ်ပြာနှင့် Cool သွားတိုက်ဆေး)၊ Mega Products Ltd. (Babi Mild) တို့က ပံ့ပိုးကူညီကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၂) ပုဗ္ဗန်တောင် အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၈

ပုဗ္ဗန်တောင် အထက(၂)တွင် ၁၉၆၆ခုနှစ်မှ ၁၉၈၂ခုနှစ်အထိ ပညာသင်ကြား ပို့ချပေးခဲ့ကြသော ဆရာဆရာမများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၂၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကိုယ်တိုင် ပါဝင်ကန်တော့ခြင်းပြုနိုင်ပါရန် ကျောင်းသားကျောင်းသူဟောင်းများအား ဖိတ်ကြားနိုးဆော်ထားသည်။ အလှူငွေနှင့် ပစ္စည်းများကို ဆရာဦးလှဖေ ဖုန်း-၆၆၆၄၂၇၊ ဆရာမ ဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာမ ဒေါ်ခင်အေးမြ ဖုန်း-၀၉-၅၁ ၂၄၃၄၇၊ ဦးအောင်ခင် ဖုန်း-၀၉-၅၀ ၀၀၇၅၀၊ ဦးထွန်းဇော် ဖုန်း-၅၇၂၂၈၈၊ ဦးအောင်ကျော်မြင့် ဖုန်း-၂၉၁၅၅၃၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၀ ၀၁၄၈၂၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀ ၀၄၃၇၁၊ ဒေါ်ခင်မမ ဖုန်း-၀၉-၅၁ ၂၇၇၁၀၊ ဦးကြည်စိန် ဖုန်း-၀၅၁-၄၀၃၉၉နှင့် ဒေါ်တင်တင်ဦး ဖုန်း-၂၉၁၅၇၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၀-၂၀၀၆ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၀	၆။	အဆိုပြိုင်ပွဲ
၈း၂၅	၇။	မံဆောင်းတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Say it in English
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅	၄။	Yan Can Cook
၁၁း၅၀	၅။	မြန်မာ့ရုပ်ရှင် **"ဖိုးပြုံးချို"** ဖိုးပါကြီး၊ ဇေယျာ၊ တင်တင်မူ၊ ဝင်းမာ (ဒါရိုက်တာ-မောင်မြင့်မောင်)
၁၄း၀၀	၆။	ပန်းချီပန်းပု အနုပညာပြပွဲအကြောင်း သိကောင်းစရာ (၂၀၀၆ ခုနှစ် မန္တလေး)
၁၄း၁၅	၇။	**"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၄း၃၀	၈။	Sunday Talk
၁၄း၄၅	၉။	International News
၁၅း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၀၀	၅။	တေးဂီတအစီအစဉ်
၁၇း၁၅	၆။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၇။	ညနေခင်းသတင်း
၁၈း၃၀	၈။	မိုးလေဝသအခြေအနေ
၁၈း၃၅	၉။	သီရိဂေဟာ
၁၉း၀၀	၁၀။	Discovery
၁၉း၂၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း-၂၀)
၂၀း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၃၂)
	၁၆။	နောက်တစ်နေ့အစီအစဉ်
	၁၇။	အစီအစဉ်ပြီး၏။

29-10 (11) 1 10/29/06, 2:39 AM

ကမ္ဘာတစ်လွှား အားကစား

အိုဝင်ကိုခေါ်ယူခဲ့သည့် နယူးကာဆယ် ယမန်နှစ်က ပေါင် ၁၂သန်း အရှုံးရှိခဲ့

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၂၈

နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့်နှစ်က ကစားသမားများဝယ်ယူမှုတွင် အရင်းအနှီးများလွန်းမှုနှင့် ဥရောပအဆင့်ပြိုင်ပွဲများတွင် မအောင်မြင်ခဲ့၍ ဝင်ငွေအခွန်များ ကျဆင်းခဲ့မှုကြောင့် ပေါင် ၁၂ သန်း ဆုံးရှုံးခဲ့သည်။

ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းသည် ထို့အရင်နှစ်က အမြတ်ဝင်ငွေ ပေါင် ၆၂၀၀၀၀ အမြတ်ရရှိခဲ့ကြောင်း သိရသည်။ ၎င်းအသင်းသည် ပြီးခဲ့သည့်နှစ်က လက်မှတ်အရောင်းကျဆင်းခဲ့၍လည်း ဝင်ငွေလျော့ကျခဲ့ရသည်ဟု ဆိုသည်။ ထိုအတောအတွင်း မိုက်ကယ်အိုဝင်ကဲ့သို့သော ဈေးကြီးသော ဘောလုံးသမားကို ဝယ်ယူမိသည့်အတွက်လည်း အရှုံးပို၍ များခဲ့ရသည်ဟု ဆိုသည်။

ယခုနှစ်တွင် နယူးကာဆယ် အသင်းသည် ဂရေမီဆောင်းနက်ကို မန်နေဂျာအဖြစ်မှ အလုပ်ဖြုတ်လိုက်ပြီး ဂလင်းရိုဒါအား အစားထိုးလိုက်ခြင်းမှာလည်း အပြောင်းအလဲတစ်ရပ်ဖြစ်သည်ဟု နယူးကာဆယ်ဥက္ကဋ္ဌ ဖရက်ဒီက ပြောကြားသည်။ အဆိုပါအသင်းသည် ပြီးခဲ့သည့်နှစ်က ပရီမီယာလိဂ်တွင် သတ္တမနေရာ၌ရောက်ခဲ့၍ ယခုနှစ်တွင် အခွန်ဝင်ငွေပိုမိုရရှိရေးအတွက် မြှင့်တင်သွားရန် ကြိုးပမ်းလျက်ရှိသည်။

သို့သော်လည်း ယခုနှစ်ရာသီတွင် နယူးကာဆယ်တို့ ကိုးပွဲကစားရာတွင် နှစ်ပွဲသာအနိုင်ရရှိသေးသည်။

(အင်တာနက်)

နယူးကာဆယ်ရောက်လာသည့် မိုက်ကယ်အိုဝင် ဒဏ်ရာကြောင့် ပြိုင်ပွဲနှင့်လွဲနေဆဲဖြစ်သည်။

လုပ်ပွဲကစားခဲ့သည့် အီတလီအသင်းလေးသင်းအား မူလချမှတ်ခဲ့သည့်ပြစ်ဒဏ်မှလျှော့ပေါ့ပေးခဲ့

ရောမ အောက်တိုဘာ ၂၈

အီတလီဘောလုံးအသင်းကြီးများဖြစ်ကြသည့် ဂျူဗင်းတပ်စ်၊ လာဇီယိုနှင့် ဖီအိုရင်တီးနားအသင်းတို့အား အီတလီစီးရီးအေတွင် လုပ်ပွဲကစားခဲ့ရာ ပါဝင်ပတ်သက်မှုဖြင့် ပြစ်ဒဏ်များချမှတ်ခဲ့မှုကို လျှော့ချပေးလိုက်သည်။

လုပ်ပွဲကစားခဲ့၍ အရေးယူခံရသော စီးရီးအေအသင်းလေးသင်း၏အမှတ်တံဆိပ်များ။

လာဇီယိုအသင်းကို ၁၁မှတ်လျှော့ထားရာမှ သုံးမှတ်သို့လည်းကောင်း၊ ဂျူဗင်းတပ်စ်အသင်းကို ၁၇မှတ်လျှော့ထားရာမှ ကိုးမှတ်သို့ လည်းကောင်း၊ ဖီအိုရင်တီးနားအသင်းကို ၁၉မှတ်လျှော့ထားရာမှ ၁၅မှတ်သို့ လည်းကောင်း အသီးသီးပြစ်ဒဏ်များ လျှော့ချခဲ့ကြောင်းသိရသည်။

အေစီမီလန်အသင်းသည် ယခုနှစ်ရာသီအစတွင် ရှစ်မှတ်အထိ လျှော့ချပေးပြီးဖြစ်၍ ထပ်မံပြစ်ဒဏ် လျှော့ပေါ့ခြင်းမပြုခဲ့ပေ။

အဆိုပါလေးသင်းသည် မူလပြစ်ဒဏ်ချမှတ်ခဲ့သည်မှ ပြစ်ဒဏ်များ လျှော့ချပေးလိုက်သည်။

ရက်ဂျီးနားအသင်းသည် အဆိုပါ လုပ်ပွဲကစားခဲ့ခြင်း၌ ပါဝင်ပတ်သက်ခဲ့သည်ဆိုပြန်၍ ဆုံးဖြတ်ချက်ချရန် စောင့်ဆိုင်းနေသည်။အဆိုပါပြစ်ဒဏ်များ လျှော့ပေါ့ပေးခြင်းကို အီတလီအိုလံပစ်ကော်မတီက ချမှတ်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ရေးသားတင်ပြသူ - မြင့်မောင်စိုး

နောက်တန်းကစားသမား ပီယာဆေး ဖူလ်ဟမ်အသင်းနှင့် ထပ်မံစာချုပ်

လန်ဒန် အောက်တိုဘာ ၂၈

ဖူလ်ဟမ်နောက်တန်းကစားသမား ပီယာဆေးသည် ၎င်းအသင်းနှင့် တစ်နှစ်စာချုပ် ထပ်မံချုပ်လိုက်သည်။

လိုလား

အသက် ၃၂နှစ်ရှိ အဆိုပါ နောက်တန်းကစားသမားသည် ဖူလ်ဟမ်အသင်းနှင့် ယခင်စာချုပ်မှာ လာမည့်နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်ရာ မကြာမီက ၎င်း၏ခြေစွမ်းပြနိုင်မှုကြောင့် ဖူလ်ဟမ်နည်းပြ ကိုးလ်မန်းက ထပ်မံစာချုပ်ရန် လိုလားခဲ့သည်။

ဝမ်းမြောက်မိ

မိမိသည် ဖူလ်ဟမ်အသင်းက နောက်ထပ်တစ်နှစ်စာချုပ် သက်တမ်းတိုး စာချုပ်ခဲ့၍ ဝမ်းမြောက်မိကြောင်း ပီယာဆေးကပြောကြားသည်။ ၎င်းသည် ၂၀၀၄ ခုနှစ်က ဝက်စ်ဟမ်းအသင်းမှ ပြောင်းရွှေ့လာသူဖြစ်သည်။

(အင်တာနက်)

ဖူလ်ဟမ် နောက်တန်းလူ ပီယာဆေး။

အင်္ဂလန်အသင်း ရှေ့ခရီးအောင်မြင်ရေး နည်းပြမက်ကလာရင် ကစားသမားများနှင့်ညှိနှိုင်း

လန်ဒန် အောက်တိုဘာ ၂၈

အင်္ဂလန်နည်းပြ မက်ကလာရင်သည် ယူရို-၂၀၀၈ခြေစစ်ပွဲတွင် မှားယွင်းနေမှုများနှင့် ပတ်သက်၍ ၎င်း၏အင်္ဂလန်အသင်းနှင့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟုဆိုသည်။

မက်ကလာရင်သည် လန်ဒန်မြို့၌ အခြား အစည်းအဝေးမတိုင်မီ လန်ဒန်မြောက်ပိုင်း အခြေစိုက်ကစားသမားများနှင့်ဦးစွာဆွေးနွေးခဲ့သည်ဟုဆိုသည်။

အင်္ဂလန်အသင်းကစားသမားများသည် ခရိုအေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်မှုနှင့် မက်ဆီဒိုးနီးယားအသင်းကိုသရေကျခဲ့မှုအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြသည်။

ရည်ရွယ်

မက်ကလာရင်သည် နိုဝင်ဘာ ၁၅ ရက်တွင် နယ်သာလန်နှင့် ချစ်ကြည်ရေးပွဲ မကစားမီ ကြေညာချက်တစ်ရပ်ထုတ်ပြန်ရန် ရည်ရွယ်ထားသည်။

ဝေဖန်ခံရ

အင်္ဂလန်အသင်းသည် ယူရိုခြေစစ်ပွဲတွင် ခရိုအေးရှားကို ရှုံးနိမ့်မှု၊ မက်ဆီဒိုးနီးယားကို သရေကျမှုကြောင့် ဝေဖန်ခံခဲ့ရသည်။

မက်ကလာရင်သည် အဆိုပါ ခြေစစ်ပွဲတွင် ဒဏ်ရာရခဲ့သော စတီဗင်ဂျရတ်နှင့် အိုဝင်ဟားဂရေ့ဗ်တို့အား လျော်ကြေးပေးရန် ရှိသော်လည်း မပေးဘဲ ထားခဲ့သည်။

အင်္ဂလန်အသင်းသည် ရှေ့ခရီး၌ အောင်မြင်မှု ရရေးအတွက် ကြိုးစားရလိမ့်မည်ဟု ဆိုသည်။

(အင်တာနက်)

အင်္ဂလန်နည်းပြ မက်ကလာရင် (ဝဲ) နှင့် တိုက်စစ်မှူး ရွန်နေ(ယာ)။

ကမ္ဘာ့နံပါတ်တစ်

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယား၏ တင်းနစ်ကစားဟန်။



ဆွစ်အင်ဒိုး တင်းနစ်ပြိုင်ပွဲ ဖက်ဒဲယားအကြိုဗိုလ်လုပွဲတက်

ဘာဆယ် အောက်တိုဘာ ၂၈

ကမ္ဘာ့ထိပ်တန်းတင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် အောက်တိုဘာ၂၇ရက်က ဆွစ်အင်ဒိုး တင်းနစ်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ သို့သော်လည်း ဒေးဗစ်နယ်ဘန်ဒီယန်သည် မမျှော်လင့်ဘဲ ရှုံးနိမ့်ခဲ့ရသည်။

အနိုင်ရ

ဖက်ဒဲယားသည် ဒေးဗစ်ဖာရာကို ၆-၃၊ ၇-၆ (၁၆-၁၄) ဖြင့် အနိုင်ရရှိခဲ့သည်။ ဒေးဗစ်နယ်ဘန်ဒီယန်သည် ဆွစ်ဇာလန်မှ ဝါရင်ကာကို ၇-၆(၉-၂)၊ ၆-၂ ဖြင့် ရှုံးနိမ့်ခဲ့သည်။

ယှဉ်ပြိုင်မည်

ဝါရင်ကာ၏နောက်ထပ်ပြိုင်ဘက်မှာ အာဂျင်တီးနားမှ မာတင်ဒယ် ပိုထရိုကိုအနိုင်ရခဲ့သော ဖာနန်ဒိုဂွန်ဇာလက်နှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ဖက်ဒဲယားသည် ထိုင်းမှ ပါရာဒုံဆရီချာပန်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(အင်တာနက်)**

လီဗာပူးမှ ဂိုးသမားကတ်လန်းအား ဝီဂန်ကအမြဲတမ်းစာချုပ်၍ခေါ်ယူ

လန်ဒန် အောက်တိုဘာ ၂၈

လီဗာပူးဂိုးသမား ခရစ်ကတ်လန်းသည် ဝီဂန် အသင်းက အမြဲတမ်းစာချုပ်၍ ခေါ်ယူလိုက်ကြောင်း၊ ၎င်းသည် ၂၀၀၉ ခုနှစ်အထိ ဝီဂန်တွင် ကစားလိမ့်မည်ဖြစ်ကြောင်း ဝီဂန်က ပြောကြားသည်။

အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူလိုက်သော ဝီဂန်ဂိုးသမား ကတ်လန်း။

အသက် ၂၅ နှစ်ရှိ ကတ်လန်းသည် ဝီဂန်သို့လီဗာပူးမှ ခြောက်လ အငှားစာချုပ်ဖြင့် ပြီးခဲ့သည့် နွေရာသီကရောက်ရှိလာခြင်းဖြစ်သည်။

ခေါ်ယူ

မိမိတို့ ဝီဂန်က ၎င်းဂိုးသမားအား အမြဲတမ်းစာချုပ်ဖြင့်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဝီဂန်နည်းပြ ပေါလ်ဂျီဝဲလ်က ပြောကြားသည်။

ကတ်လန်းသည် ၂၀၀၁ ခုနှစ် က ကိုဗင်ထရီအသင်းမှ ပေါင်ခြောက်သန်းဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။

အနိုင်ကစား

၎င်းဂိုးသမားသည် ပြီးခဲ့သည့် ဩဂုတ်လတွင် အင်္ဂလန်အသင်းက ဂရိအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့ရာတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ပစ္စည်းမှန်၊ဈေးနှုန်းမှန်ရောင်းချပေးနေသော
သမ္မတနိဗ္ဗာန်ကုန်ဆိုင်ကြီး
မန္တလေးလက်ရာစစ်စစ်၊မန္တလေးဈေးနှုန်းဖြင့် လက်လီ/လက်ကားဝယ်ယူနိုင်ကြပါပြီ။
ကြေး/ကျောက်ဆင်းတုတော်အမျိုးမျိုး
ဘုရားပလ္လင်နှင့်တရားဟောပလ္လင်မျိုးစုံ
အမှတ်– ၁၁၈၊ရေတာရှည်လမ်း၊ပေါင်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
အမှတ်– ၁၅၆၊ရွှေဂုံတိုင်လမ်းမကြီး၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း– ၅၄၃၂၈၂၊၅၄၃၂၀၆၊၅၅၈၃၇၅၊၈၀၄၀၆၆

KMD (သိမ်ကြီးဈေး) Computer Centre
သိမ်ကြီးဈေး(စီ)ရုံ၊တတိယထပ်၊ရွှေတိဂုံဘုရားလမ်း၊ ဖုန်း – ၃၈၄၂၆၈/ ၃၈၄၆၄၁
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design
:: Basic Software Engineering :: Practical A+ :: LCCI Computerised Accounting
အခြေခံမှစ၍နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ
သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

အမည်ပြောင်း

အဖဦးမြင့်ဝင်း၏သား သာစည်မြို့ အထက (၁)တက္ကသိုလ်ဝင်တန်း(D)မှ စည်သာစွမ်းထက်အား မောင်ဆက်ပိုင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဆက်ပိုင်ထွန်း။

ဖက်ပင်အိုင်စာသင်တိုက်ဘုံကထိန်အလှူ

ရန်ကုန် အောက်တိုဘာ ၂၈

သဃ်န်းကျွန်းမြို့နယ်၈/မြောက်ရပ်ကွက် ဖက်ပင်အိုင် စာသင်တိုက် ပုရိမဝါမှထတော်မူကြကုန်သော ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတအဂ္ဂမဟာပဏ္ဍိတ)အမှူးပြုသည့် စာချစာသင် သံဃာတော်အရှင်သူမြတ် ၁၀၀ကျော်တို့နှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား(တန်ဆောင်မုန်းလပြည့်) နိုဝင်ဘာ ၄ရက် (စနေနေ့) နံနက်၉နာရီတွင် အလှူရှင်ဒေါ်ရီရီခင် (မလိခရုပ်ရှင်)က မတည်ပြီး ကျောင်းဒါယကာ ဒါယိကာမများ စုပေါင်း၍ ဘုံကထိန်လျာမြတ်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဟုသိရသည်။ **(က–ပ)**

ဒီ တို့ စ ၁ ၀ ပ ဖုန်း – ၇၂၃၁၁၁၊ ၆၆၈၇၇၃
တာရာမင်း၉၀
မနက်ဖြန်ခါမှာထားခဲ့တဲ့မျက်နှာ

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ မဟာဘုံကထိန်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် ဘုံကထိန်ပွဲကို ယနေ့နံနက် ၉ နာရီက မဟာစည်ဓမ္မာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားအစီအစဉ်အရ ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ မဟာဘုံကထိန်ပွဲ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က မဟာဘုံကထိန်ပွဲ ကျင်းပရခြင်းအကြောင်း လျှောက်ထားသည်။ ဩဝါဒါစရိယဆရာတော်ကြီး ဘဒ္ဒန္တ ကဝိဓဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကထိန်သင်္ကန်းအလှူရှင်များက တစ်ဦးချင်း ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)** ဆက်လက်၍ ဆရာတော်ကြီးက ကထိန်အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။

အတွင်းရေးမှူး ဒေါက်တာတင်ခိုင်မြင့်က ဆွမ်းအလှူရှင် ဦးသာဌေး–ဒေါ်ကြည်ကြည်ခင် သားသမီးများ၊ ဦးသိန်းဖေ–ဒေါ်သန်းသန်း၊ အချိုပွဲအလှူရှင် ဦးဝင်းမောင်–ဒေါ်ခင်လှစသော အလှူရှင်အသီးသီးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။ ကုသိုလ်ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်း ပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မုံရွာမြို့၌ ယာဉ်အုပ်စုဖြင့်အကြမ်းဖက်ရိုက်နှက်သူများအား သက်ဆိုင်ရာကဖမ်းဆီး၍ စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

အောက်တိုဘာ ၂၇ ရက် ညရနာရီခွဲခန့်တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ သလ္လာရပ်ကွက် ဘုရင့်နောင်လမ်းနှင့် လမ်းသွယ် ၂၉ အနီးရှိ ပွင့်ဦးမေ အမျိုးသမီးဘော်ဒါဆောင်ရှေ့၌ မုံရွာတက္ကသိုလ်မှ ပထမနှစ် ကျောင်းသား မောင်စိုးသူဟန်နှင့် သူငယ်ချင်းခြောက်ဦးသည် ဂစ်တာတီးနေစဉ် ယာဉ်အမှတ် ၇ခ/၄၇၇၇ ပါဂျဲရိုးတစ်စီး၊ ဆိုင်ကယ်ရှစ်စီးနှင့် တက္ကသိုလ်ကျောင်းသားလူငယ်တစ်စုရောက်ရှိလာပြီး ဂစ်တာအား ရိုက်ချိုးကာ ဝင်ရောက်ရိုက်နှက်ခဲ့သဖြင့် မောင်စိုးသူဟန်နှင့်အဖွဲ့ ထွက်ပြေးခဲ့ကြရကြောင်း။

အကြမ်းဖက်ရိုက်နှက်

အလားတူ ယင်းနေ့ည၉နာရီကျော်ခန့်တွင် မုံရွာတက္ကသိုလ်မှ တတိယနှစ်ကျောင်းသား မောင်မောင်ကြီးအပါအဝင် သူငယ်ချင်းငါးဦးသည် အောင်သပြေလမ်းမှ ကျောက္ကာလမ်းဘက်သို့ လမ်းလျှောက်လာကြစဉ် ရတနာပုံအမျိုးသားဆောင်ရှေ့သို့အရောက် အဆိုပါယာဉ်အုပ်စုမှ တက္ကသိုလ်ကျောင်းသားလူငယ်များရောက်ရှိလာပြီး လိုက်လံရိုက်နှက်ခဲ့ကြကြောင်း၊ ယင်းသို့ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ် ရတနာပုံအမျိုးသားဆောင်မှ ကျောင်းသားအချို့ကဝင်ရောက်၍ အကြမ်းဖက်ရိုက်နှက်သူများအား ပြန်လည်တုံ့ပြန်ရိုက်နှက်သဖြင့် ယာဉ်အုပ်စုဖြင့် အကြမ်းဖက်ရိုက်နှက်သူ လူငယ်များသည် ဆိုင်ကယ်သုံးစီးအား ချန်ထားခဲ့ပြီး ထွက်ပြေးသွားခဲ့ကြောင်း။

အဆိုပါ ဖြစ်စဉ်တွင် လူငယ်ရှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး သုံးဦးအား မုံရွာမြို့နယ် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသပေးလျက်ရှိကြောင်း သိရသည်။

ထိန်းသိမ်းဆောင်ရွက်ခဲ့

အခင်းဖြစ်ပွားရာသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ထူးနှင့်တာဝန်ရှိသူများ၊ ခရိုင်ရဲမှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့် ပြည်သူ့စွမ်းအားရှင်အဖွဲ့များ ရောက်ရှိလာပြီး အခြေအနေကို ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အုပ်စုဖြင့် အကြမ်းဖက် ရိုက်နှက်ခဲ့သည့် ကိုကိုချစ်(ဘ) ဦးဘို၊ ထူးအောင်စောဟန်(ဘ) ဦးမိုးသီး၊ ဖိုးသီး(ခ) သန်းထိုက်အောင်(ဘ) ဦးမြင့်သိန်းထွန်း၊ နေမျိုးအောင်(ခ)ရွှေတဆုပ် (ဘ) ဦးအောင်သန်း၊ ဇာနည်မျိုးဝင်း (ဘ) ဦးကျော်မျိုးဝင်း၊ ဘိုဘို(ခ)အောင်ဘိုဘိုဟိန်း (ဘ)ဦးအောင်နွယ်၊ ဝဏ္ဏ (ဘ) ဦးကျော်မျိုးဝင်း၊ သန်းထွန်းဇင် (ဘ) ဦးခင်မောင်ဦး၊ လှိုင်ဝင်းထွန်း (ဘ) ဦးတင်လှိုင်၊ နိုင်မျိုးဆက် (ဘ) ဦးသန်း၊ မြင့်မြတ် (ဘ)ဦးမြင့်အောင်၊ မျိုးဇင်(ဘ)ဦးမျိုးဝင်းလေး၊ ကြည်စိုး (ဘ) ဦးတင့်ဇော်၊ဖြိုးကြီး(ခ)ဖြိုးထက်အောင် (ဘ)ဦးသိန်းအောင်တို့ ၁၄ဦးအား မုံရွာမြို့နယ်ရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

"၈၈"မျိုးဆက်ကျောင်းသား အုပ်စုများနှင့် အကြမ်းဖက်အဖျက်သမား ပြည်ပြေးများသည် ပြည်တွင်း ပြည်ပချိတ်ဆက်လျက် မတည်ငြိမ်မှုများ၊ ဆူပူအုံကြွအကြမ်းဖက်မှုများ ဖြစ်ပွားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်သည်လည်း အဆိုပါအဖျက်လုပ်ရပ်များနှင့် ဆက်စပ်ပတ်သက်မှုရှိ/မရှိ စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးရုံးနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပထမအကြိမ်မိသားစုဘုံကထိန်သင်္ကန်းဆက်ကပ်

နေပြည်တော် အောက်တိုဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အားအမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့၏ ပထမအကြိမ် မိသားစုဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်ရှိ ရတနာသိဒ္ဓိကျောင်းတိုက်၌ကျင်းပရာ သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ တိပိဋကဒီဃဘာဏက ဒီဃနိကာယကောဝိဒ ပိဋကတစ်ပုံဆောင် ရတနာသိဒ္ဓိကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာသာမိ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ သာသနဓဇသီရိပဝရဓမ္မာစရိယ၊ တိပိဋကဒီဃဘာဏက ဒီဃနိကာယကောဝိဒ ပိဋကတစ်ပုံဆောင် ရတနာသိဒ္ဓိကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး **(အပေါ်ပုံ)** ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ကထိန်လျာဥတ်သင်္ကန်းကို ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

တရားတော်ချီးမြှင့်

ယင်းနောက် ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိက အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့လှူဒါန်းမှုမှာ သင်္ကန်း ၃၈ စုံနှင့် လှူဖွယ်ပစ္စည်း စုစုပေါင်းငွေကျပ် ၁၂ သိန်း ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

NLD ပါတီ၏လုပ်ရပ်များအပေါ် ယုံကြည်အားကိုးမှုမရှိ စစ်ကိုင်းမြို့နယ် NLD ပါတီဝင်သုံးဦးစုပေါင်းနုတ်ထွက်

ရန်ကုန် အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များဖြစ်ကြသော စကျင်ကျေးရွာမှ ဦးသံချောင်း၊ ဦးတင်သောင်းနှင့် ဦးဝင်းဗိုလ်တို့သုံးဦးသည် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး ဇူလိုင် ၁၇ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီသည် နိုင်ငံတော်နှင့် ပြည်သူအကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ၎င်းတို့အနေဖြင့် NLD ပါတီနှင့် ပါတီ၏လုပ်ရပ်များအပေါ် လုံးဝယုံကြည်အားကိုးမှု မရှိတော့၍ ယခုကဲ့သို့ ၎င်းတို့၏ ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ခြင်းဖြစ်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)၊ ညွှန်ကြားရေးမှူး(ငြိမ်း) (မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ခင်လှတို့၏ တစ်ဦးတည်းသောသား

မောင်မြင့်လင်းထူးမောင် **A.G.T.I (EP), B.Sc (Physics), MOT 3rd CLASS ENGINEER, LIZSTAR ENTERPRISE**

နှင့်

ရန်ကုန်မြို့နေ ဦးစိုးမြင့်(အင်ဂျင်နီယာမှူးကြီး၊ တံတားအထူးအဖွဲ့-၁၃၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်နန်းမူတို့၏သမီး

မထိုက်ထိုက်စိုး **M.Sc (Engineering Physics, YU) D.A (LCCI), I.A.D.C.S (NCC, UK)**

တို့၏ ၂၅-၁၀-၂၀၀၆ရက်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်းအားလည်းကောင်း၊ ၂၈-၁၀-၂၀၀၆ရက် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး(ငြိမ်း)ဦးကိုလေးနှင့်ဇနီး ဒေါ်ခင်ခင်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်နှင့်ဇနီး ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်သွင်သွင်အေးမှီအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မေတ္တာဖြင့် ရတနာများဆင်မြန်းပေးသော ဦးထွန်းထွန်းဦး (Diamond Throne Co., Ltd.)-ဒေါ်ရင်ရင်မြ(စိန်ကေရာဇ်စိန်ဆိုင်)အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယို ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင် စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မဒွေး၊ မအေးအေးမြင့်၊ မင်္ဂလာပန်းကြဲပေးသော မဖြူဖြူဟန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသက်ထက်အောင်၊ သတို့သားအရံ မောင်ကောင်းစုမြတ်၊ သတို့သမီးအရံ မဖြိုးဖြိုးကျော်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မောင်ကောင်းဇော်ဝင်းနှင့် မနွေးနွေးခိုင်၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြင့်လင်းထူးမောင်-မထိုက်ထိုက်စိုး။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

ဦးကျော်မြင့် (ညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစား၊ အကြံပေးပုဂ္ဂိုလ်၊ အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)-ပါမောက္ခ ဒေါက်တာဒေါ်ခင်ဝင်း (ပါမောက္ခ/ဌာနမှူး၊ အငြိမ်းစား၊ တပ်မတော်ဆေးတက္ကသိုလ်)

တို့၏တစ်ဦးတည်းသောသား

ဗိုလ်ကြီးသူရိန်ကျော်မြင့်

M.B.,B.S (Ygn), M.Med.Sc (Surgery)

အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)

နှင့်

ရန်ကုန်မြို့နေ

ဦးလှမောင် (ရုံးအုပ်၊ အငြိမ်းစား၊ အမှတ်-၂၊ စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး)-ဒေါ်စန်းမြင့် (ရုံးအုပ်၊ အငြိမ်းစား၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)

တို့၏တစ်ဦးတည်းသောသမီး

ဗိုလ်ကြီးခိုင်သန္တာမောင်

B.Sc (Physics)

တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)

တို့၏ ၂၈-၁၀-၂၀၀၆ရက် (စနေနေ့) Sedona Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့အားလည်းကောင်း၊ ၂၅-၁၀-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) တရားရုံးချုပ်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်းအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပစ္စည်းများ ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဌာနအကြီးအကဲများ၊ ဆွေမျိုးမိတ်ဆွ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာပန်းကြဲ၊ မင်္ဂလာပန်းဗန်းကိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်၊ သတို့သားအရံနှင့် သတို့သမီးအရံတို့အဖြစ် ကူညီဆောင်ရွက်ပေးကြသော သူငယ်ချင်းများနှင့် ညီမငယ်များအားလည်းကောင်း၊ မင်္ဂလာဝတ်စုံ စီစဉ်ပေးသော ဦးကိုကို (Ko Ko Fashion)၊ မိတ်ကပ်နှင့်ဆံပင် အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဦးမောင်မောင်ညွှပ်နှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးဂီတ အေဝမ်းဦးစိုးမြင့်တူရိယာအဖွဲ့နှင့် တေးသံရှင်များ၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် အဘက်ဘက်မှကူညီပေးသော ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသူရိန်ကျော်မြင့်-ဗိုလ်ကြီးခိုင်သန္တာမောင်။

PROGEN နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်း
Progressive Engineering & Language Training Centre
No. 170/176, Bo Aung Kyaw Street, Room(708), MGW Centre, Botataung Tsp., Yangon. ☎ 95-1- 245886, 95-1- 256564

English : The Passport To A Successful Career

We offer the following courses:
- Spoken English
- IELTS Preparatory Course
- Foundation course for Overseas Studies (Work & Study in S'pore)
- Effective Correspondence
- Kinder-gar-ten for Kiddos (Age 3-5 years)
- Preparatory courses for Primary / Secondary Overseas Schools Entrance

Why delay? Contact us for further Information

ဆက်သွယ်ရေးတပ်ဖွဲ့စစ်သည်များ အလိုရှိသည်

၁။ ဆက်သွယ်ရေးတပ်ဖွဲ့တွင် အောက်ပါပညာသည် စစ်သည်များအဖြစ် အမှုထမ်းဆောင်ရန် လျှောက်ထားနိုင်သည်-

ပညာသည်	လိုအပ်သည့်ပညာအရည်အချင်း
(က) ကွန်ပျူတာစနစ်သရုပ်ခွဲပညာ (ခ) ကွန်ပျူတာပရိုဂရမ်မာပညာ (ဂ) အီလက်ထရွန်နစ်ပညာ (ဃ) ကွန်ပျူတာအော်ပရေတာ	တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူများ၊ကွန်ပျူတာဒီပလိုမာ၊အေဂျီတီအိုင်(လျှပ်စစ်ဆက်သွယ်ရေး)၊အေဂျီတီအိုင်(လျှပ်စစ်စွမ်းအား)အောင်မြင်ပြီးသူများ။
(င) ရုံးစာရေးပညာ (စ) ဒေတာအော်ပရေတာပညာ (ဆ) ရေဒီယိုအော်ပရေတာပညာ (ဇ) ရေဒီယိုပြင်ပညာ (ဈ) လိုင်းပြင်ပညာ (ည) ဖစ်တာ(ဆက်သွယ်ရေး)ပညာ	စက်မှုလက်မှုအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ။
(ဋ) လိုင်းမင်း(ဆက်သွယ်ရေး)ပညာ (ဌ) ဆက်သား(ယာဉ်စီး)ပညာ (ဍ) မော်တော်ယာဉ်မောင်းပညာ (ဎ) ယာဉ်မောင်းစက်ပြင်ပညာ	အခြေခံပညာ သတ္တမတန်းနှင့်အထက်အောင်မြင်ပြီးသူများ။

၂။ ရွေးချယ်ခြင်းခံရပါက-

(က) အပိုဒ်(၁) (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပညာသည်များသည် သက်ဆိုင်ရာ သင်တန်း အောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့် တိုက်ရိုက်ခန့်အပ်မည်။ တပ်ကြပ်ကြီး လုပ်သက်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက ဒုအရာခံဗိုလ်ခန့်အပ်ခြင်းခံရမည်ဖြစ်ပြီး ဒုအရာခံဗိုလ်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက အရာခံဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရမည်။

(ခ) အပိုဒ်(၁) (စ)၊ (ဆ)၊ (ဇ)၊ (ဈ) ပညာသည်အများအနက်မှ အခြေခံပညာအထက်တန်းအောင်မြင်ပြီး သက်ဆိုင်ရာ သင်တန်းများ အောင်မြင်ပြီးပါက ဒုတိယတပ်ကြပ်အဆင့် တိုးမြှင့်ခန့်အပ်မည်။

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဗိုလ်လောင်းသင်တန်း ခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်း လျှောက်ခွင့်ပြုမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား(အမျိုးသား)ဖြစ်ရမည်။

(ခ) အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ရှိရမည်။

(ဂ) အနည်းဆုံးအရပ် (၅ပေ ၂လက်မ)၊ ရင်အုပ်ဖွင့်လျက် (၃၃) လက်မနှင့် ကိုယ်အလေးချိန် ၁၀၅ပေါင် ရှိရမည်။

(ဃ) စကားအထစ်အငေါ့ ဆွံ့အမှု မရှိစေရ၊ နားမထိုင်းရ၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများ ကောင်းရမည်။

၄။ ဝင်ရောက်အမှုထမ်းလိုသူများသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်နှင့် မိမိဒေသရှိ နီးစပ်ရာဆက်သွယ်ရေး တပ်ရင်း/တပ်/တပ်ခွဲတည်ရှိရာမြို့များတွင် သွားရောက်ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်-

(က) နိုင်ငံသားစိစစ်ရေးကတ်(ရှိလျှင်)

(ခ) သက်ဆိုင်ရာ ကျောင်းအောင်လက်မှတ် မူရင်းနှင့်မိတ္တူ (သို့) အောင်မြင်သည့် အတန်း၊ မွေးသက္ကရာဇ် ဖော်ပြထားသည့် ကျောင်းအုပ်ကြီး တံဆိပ်နှင့် ထောက်ခံချက်များ။

(ဂ) မိမိနေထိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတို့မှ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်။

ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး။

၂၇-၁၀-၂၀၀၆ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း- [illegible]	မိုက်တီးလေးများ(ဇာတ်သိမ်းပိုင်း)	[illegible]
သွင် ဖုန်း- [illegible]	မိုက်တီးလေးများ(ဇာတ်သိမ်းပိုင်း)	[illegible]
မင်္ဂလာ ဖုန်း- [illegible]	မိုက်တီးလေးများ(ဇာတ်သိမ်းပိုင်း)	[illegible]
ရွှေဆောင် ဖုန်း- [illegible]	မိုက်တီးလေးများ	[illegible]
နေပြည်တော် ဖုန်း- [illegible]	PIRATES OF THE CARIBBEAN 2 DEAD MAN'S CHEST	JOHNNY DEEP, ORLANDO BLOOM, KEIRA KNIGHTLY, JACK DAVENPORT
ဝင်းလိုက်(မန္တလေး) ဖုန်း- [illegible]	မိုက်တီးလေးများ(ဇာတ်သိမ်းပိုင်း)	[illegible]
မြို့မ(မန္တလေး) ဖုန်း- [illegible]	မိုက်တီးလေးများ(ဇာတ်သိမ်းပိုင်း)	[illegible]

ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ ၊ ၁၂း၃၀ နာရီ ၊ ၃း၃၀ နာရီ ၊ ၆း၃၀ နာရီ ၊ ၉း၃၀ နာရီ

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန်

မြန်မာ့မာန်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော

သုခစုစုံ ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ မှ၊

မလေးရှားနိုင်ငံရှိ စက်ရုံ [illegible]

တာဝန်ထမ်းဆောင်ရန် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

- လိုအပ်သောဦးရေ -(၃၀) ဦး တစ်လ-- ရင်းဂစ်(၇၅၀) (အချိန်ပိုလုပ်ခအပါ)

အထက်ပါလုပ်ငန်းများအတွက် -

(၁) အသက် (၂၁) နှစ်မှ (၃၅) နှစ်အတွင်း အမျိုးသားဖြစ်ရမည်။
(၂) (၃)နှစ် ကန်ထရိုက်သက်တမ်းပြည့်အောင်လုပ်နိုင်ပြီး ကျန်းမာရေးကောင်းမွန်ရမည်။
(၃) ခွင့်ရက်နှင့် အလုပ်ပိတ်ရက်သည် မလေးရှားနိုင်ငံအလုပ်ဥပဒေအတိုင်းဖြစ်ပါသည်။
(၄) တစ်လအတွင်း လျှောက်ထားနိုင်ပါသည်။

နိုင်ငံကူးလက်မှတ် (Passport) မရှိသေးသူများလည်းလျှောက်ထားနိုင်ပါသည်၊
နယ်မှလာသူများအတွက် အလုပ်လျှောက်ချိန်တွင် အခမဲ့တည်းခိုရန် စီစဉ်ပေးမည်၊ ဆက်သွယ်ရန်-

"သုခစုစုံ ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ"

အမှတ် (107)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။ Tel : 253298/385758/386877/392233

Websites : www.tksstkss.com / www.ctamtours.com

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ပုသိမ်မြို့နေ ဦးထွန်းထွန်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်စန်းစန်းမြင့်

တို့၏သားကြီး

ဗိုလ်ကြီးဇင်ကိုထွန်း

B.E (Mechanical, DI) DSTA

လက်ထောက်ကထိက၊ တပ်မတော်နည်းပညာတက္ကသိုလ်

နှင့်

စဉ့်ကိုင်မြို့နေ ဦးကံညွှန့်(ဒုရဲမှူး-ငြိမ်း၊သူရ-၅)-ဒေါ်သန်းသန်းလှိုင်

တို့၏သမီး

မအိချောလှိုင်

M.E (Textile)
M.Sc (Textile and Clothing Engineering)
(TU-Dresden, Germany)

ကထိက၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဌာန၊
ရန်ကုန်နည်းပညာတက္ကသိုလ်

တို့၏ ၁၄-၁၀-၂၀၀၆ရက် မန္တလေးမြို့ မိုးကောင်းတိုက် မြအုတ္တမကျောင်း၌ကျင်းပပြုလုပ်သော မင်္ဂလာဆွမ်းကျွေးတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး ချီးမြှင့်ပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးမြင့်အောင်နှင့်ဇနီးဒေါ်လှလှသန်းတို့အားလည်းကောင်း၊ ၁၇-၁၀-၂၀၀၆ရက် Oriental House(မန္တလေး)မင်္ဂလာညှော်ခံပွဲတွင် ကြွရောက်ချီးမြှင့်သော တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်တင်မမထွန်း၊ တရားရုံးချုပ်တရားသူကြီး ဦးစိန်လှိုင်၊ ဦးစန်းတင့်ရီနှင့်ဇနီး ဒေါ်ချိုချိုဆက်၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာလက်ဆောင်ပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇင်ကိုထွန်း-မအိချောလှိုင်။

လုပ်ငန်းခွင်ဝင်ရောက်ရန် ရည်ရွယ်သူများအတွက် သင်တန်းသား(၆)ဦးသာ

1.Graphic Design Course - 3 Months + On Site

Photoshop, Pagemaker, Corel Draw, 3D Software (မိတ်ပုံများပြုပြင်ခြင်း ဒီဇိုင်းနှင့်လက်တွေ့ကာလသင်ခြင်း။ ပုံနှိပ်စက်၏သဘောတရားအထိပါဝင်မည်။)

(ဖော်ပြပါဒီဇိုင်းလုပ်သက် ၁၅နှစ် အတွေ့အကြုံရှိ ပါရင့်ပညာရှင်မှ သင်ကြားပေးမည်ဖြစ်သည်)

သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်အတွေ့အကြုံရယူရန်နေရာမှာ

NAWARAT Graphic Design, Color Separation & Offset,
No.176, Mahabandoola Garden St., Kyauktada Tsp.,

Nawarat Computer Sales, Service, Rental & Training Center
No.(135), Bogalayzay St.,(UPPER) Botahtaung Tsp,
Tel: 39 20 47, 09-51-64636, 09-51-33220

ဆင်ပေါင်ဝဲမြို့နယ်အသင်း (၃၆)ကြိမ်မြောက်ဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ဆင်ပေါင်ဝဲမြို့နယ်အသင်း၏ (၃၆)ကြိမ်မြောက် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (တန်ဆောင်မုန်းလပြည့်)နိုဝင်ဘာ ၄ရက်(စနေနေ့)နံနက် ၉နာရီတွင် မဂ္ဂသိဝံကျောင်း၌ ဆက်ကပ်လှူဒါန်းပြီး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို စမ်းချောင်းမြို့နယ် ဗားကရာလမ်း နေနတ်သား စာသင်တိုက်၌ ဆက်လက် ပြုလုပ်မည် ဖြစ်ကြောင်း အသင်းသူ အသင်းသားများသို့ ဖိတ်ကြားထားကြောင်းနှင့် ဖိတ်ကြားစာ မရရှိပါကလည်း လာရောက်ကြရန် ဆက်သွယ်အကြောင်းကြားထားကြောင်းသိရသည်။ **(သတင်းစဉ်)**

လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်

ရန်ကုန် အောက်တိုဘာ ၂၈

ယနေ့မြန်မာစံတော်ချိန် ညနေ၃နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(သတင်းစဉ်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်အောင်ကျော်၏ မနလအမှတ်-၁၅၅၁၄၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၅၆၆၃၈၀။**

လင်းခေးမြို့နယ် အတိသုခါရုံကျောင်းဆောင်သစ် ရေစက်ချ

လင်းခေး အောက်တိုဘာ ၁၅

လင်းခေးမြို့နယ် ဂေါပကအဖွဲ့ကကြီးမှူးကျင်းပသော အတိသုခါရုံတောရ ကျောင်းဆောင်သစ်ရေစက်ချတရားတော်နာယူပွဲကို အောက်တိုဘာ ၁၀ရက် နံနက် ၅နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လင်းခေးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းများမှ ပုဂ္ဂိုလ်များ၊ မြို့မိ မြို့ဖနှင့် ဒေသခံအလှူရှင်များ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ် ရေစက်ချပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဘုရားကန်တော့ဖွင့်လှစ်ပြီး ဧည့်ပရိသတ်များက သံဃာတော်အရှင်သူမြတ်တို့ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်ပြီး ဂေါပကဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ကျောင်းဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းရှင်းလင်းလျှောက်ထားပြီး ကျောင်းထိုင်ဆရာတော်ထံကျောင်းသစ်ကို ဆက်ကပ်လှူဒါန်းသည်။ အဆိုပါကျောင်းဆောင်ကို ငွေကျပ်၆၂သိန်းဖြင့်အကုန်အကျခံတည်ဆောက်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

သက်ကြီးရွယ်အိုများနေ့ ကျောင်းကုန်း၌ကျင်းပ

ကျောင်းကုန်း အောက်တိုဘာ ၁၅

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှု၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ စုပေါင်းဆောင်ရွက်မှုဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက်၉နာရီက ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များစုပေါင်း၍ ဘိုးဘွား ၁၄၈ ဦးအား တစ်ဦးလျှင် ငွေကျပ်၃၀၀၀နှုန်းပေးအပ်လှူဒါန်းခြင်း၊ လက်သည်းခြေသည်းများ ညှပ်ပေးခြင်း၊ အာဟာရမုန့်များ ဧည့်ခံလှူဒါန်းကြကြောင်းသိရသည်။ **(အပေါ်ပုံ)(၂၆၅)**

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်က မြို့အဝင် ဆိုင်းဘုတ်တွင် မြေခင်းအလှပြုပြင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေးဦးသူနာပြုစုခြင်းနေ့အထိမ်းအမှတ် ကြက်ခြေနီသူနာပြုစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

မိုးကောင်း စက်တင်ဘာ ၃၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းကကြီးမှူး၍(၂၀၀၆)ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၉ရက် မွန်းလွဲ၂နာရီက ဆားမော်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း မြတ်လေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဇော်ဝင်းက အမှာစကားပြောကြားပြီး ဆားမော်တိုက်နယ်ပြည်သူ့ဆေးရုံမှ တာဝန်ခံဆရာဝန်ဒေါက်တာလင်းအောင်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းဟောပြောသည်။

ထို့နောက် (၂၀၀၆)ခုနှစ် ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့အထိမ်းအမှတ် ကြက်ခြေနီသူနာပြုစွမ်းရည်ပြိုင်ပွဲများ၌ ထူးချွန်ဆုရရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား မြို့နယ်ခေတ္တဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ကြသည်။ **(၄၁၆)**

စာကြည့်တိုက်များရေရှည်တည်တံ့ရေး ဆွေးနွေး

ဆားလင်းကြီး အောက်တိုဘာ ၆

ဆားလင်းကြီး မြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံးက ကြီးမှူးကျင်းပသော စာကြည့်တိုက်အလုပ်ရုံ ဆွေးနွေးပွဲနှင့် စာအုပ် လှူဒါန်းပွဲကို စက်တင်ဘာ ၂၇ရက် မွန်းလွဲ ၁နာရီခွဲက ဆားလင်းကြီးမြို့နယ် ရွာရှည်ကျေးရွာ သမဝါယမ အသင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သောင်း သောင်း ဝင်း က စာကြည့်တိုက် ရေရှည်တည်တံ့ရေးနည်းလမ်းများကို ဆွေးနွေးဟောပြောပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက် (၃) ဦးချိုချိုအောင်က စာအုပ်များ စနစ်တကျမှတ်တမ်းတင် ထိန်းသိမ်းခြင်း၊ စာရင်းရေးသွင်းခြင်း၊ ငှားရမ်းခြင်းနှင့် မှတ်ပုံတင်ခြင်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မုံရွာခရိုင်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက ရွာရှည်နှင့် ညောင်ပင်ကြီး ကျေးရွာအုပ်စုရှိ စာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရာပြည့်အထိမ်းအမှတ် သီပေါ၌ကျင်းပ

သီပေါ အောက်တိုဘာ ၂၀

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်တွင်အခြေခံပညာအထက်တန်းကို ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော မြေစာရင်းဝန်ထမ်း ဦးကျော်ဇော၏သား စိုင်းထူးကျော်၊ ၂၀၀၅-၂၀၀၆ခုနှစ် သင်တန်းအမှတ်စဉ် (၆၄)ပြင်ဦးလွင် မြေတိုင်းသင်တန်းကျောင်း တွင် မြေစာရင်း ဘာသာရပ် အဆင့်(၁)ရရှိသူ ဦးတင်မြင့်နိုင်နှင့် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပိုက်ကျော်ခြင်းလုံး ပြိုင်ပွဲတွင် ပထမရအသင်းတို့အား မြို့နယ်ဥက္ကဋ္ဌဦးမျိုးအောင်၊ မြို့နယ်မြေစာရင်းဦးစီးမှူးဦးကျော်ငွေးနှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆု များပေးအပ်ချီးမြှင့်ကြသည်။

လက်ဆောင်

ထို့နောက် သီပေါမြို့နယ် မြေစာရင်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းများနှင့် ကွယ်လွန်သူ မြေစာရင်းဝန်ထမ်းမိသားစုများအား နှစ် ၁၀၀ပြည့် အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(၃၀၆)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မော်ဇာကျေးရွာအုပ်စု ကပေါင်းကန်ကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းတူးဖော်မှုကို စက်တင်ဘာ၂၆ရက်က အမှုဆောင်အရာရှိဦးကျော်ဇေယျနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လတ်က လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စက်တင်ဘာ၂၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့တို့ ကြီးမှူးဖွင့်လှစ်သော အမျိုးသမီး စက်ချုပ် သင်တန်း ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကား ပြောကြားစဉ်။ (၀၄၈)

ကျေးလက်ရေရရှိရေး လက်နှိပ်တုံကင်အဝီစိတွင်းဖွင့်

အင်ပူ အောက်တိုဘာ ၆

အမျိုးသားညီလာခံကိုဂုဏ်ပြုသောအားဖြင့် အင်ပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းလှူဒါန်းသည့် ကျေးလက်ရေရရှိရေး လက်နှိပ်တုံကင် အဝီစိတွင်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၂၉ရက် နံနက်၉နာရီက ရှမ်းခေါင်းဖြူကျေးရွာအုပ်စု ရေကျော်ကျေးရွာတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦးတို့ကလက်နှိပ်တုံကင်အဝီစိတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(၁၃၁)**

လျှာထားသတ်မှတ်ချက် ပြည့်ဝအောင်မြင်ရေး ရေဦးမြို့၌ ချည်မျှင်ရှည်ဝါစုပေါင်းစိုက်ပျိုး

ရေဦး စက်တင်ဘာ ၂၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းနှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၆-၂၀၀၇ခုနှစ် ချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုးပွဲကို စက်တင်ဘာ၆ ရက် နံနက်၈နာရီက ဖိန်းကားကျေးရွာ ကွင်းအမှတ် ၂၂၄၂ရှိ ဦးစိန်ဝင်း အပါအဝင် တောင်သူ၁၅ဦး၏ယာမြေဧက ၂၀၌ ကျင်းပသည်။

အဆိုပါ ချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုးပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစစ်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစံအောင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်၍ မျိုးစေ့ချ စိုက်ပျိုးပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစစ်ထွန်းကဝါစိုက်တောင်သူများနှင့်တွေ့ဆုံ၍ လျာထားသတ်မှတ်ချက်နှင့်အညီ အပြည့်အဝ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရေး ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များစုပေါင်း၍အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုကို စက်တင်ဘာ၂၀ရက်က ပေါက်တောမြို့ရှိ စားသောက်ဆိုင်များ၊ ဆားအရောင်းဆိုင်များနှင့် ဆားစက်များတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုကို စစ်ဆေးကာ ပညာပေးဟောပြောစဉ်။ (မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင် မိုးကုတ်ဘုရားကြီးလမ်း ပလက်ဖောင်းကပ်တုံးများ တပ်ဆင် တည်ဆောက်လျက်ရှိရာ အောက်တိုဘာ ၂၀ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၉၈)

ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် အောက်တိုဘာ ၂၈

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက် သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့ တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် အောက်တိုဘာ ၂၉ရက် နံနက်စနာရီတွင်ရှမ်းတဲကြီးရွာ ရဟန်းခံရှင်ပြုပွဲ၊ မွန်းလွဲ၁နာရီတွင် ဒေါပုံမြို့ မြသိဒ္ဓိကျောင်းတိုက် ကထိန်ပွဲ၊ ညနေ ၆နာရီတွင် ရန်ကင်းမြို့နယ်(၆)ရပ်ကွက် ဓမ္မာရုံဆည်းဆာပွဲ၊ညစနာရီတွင်သဃ်န်းကျွန်း(သုဝဏ္ဏ) ရန်ကုန်သစ်ရပ်ကွက် ဗုဒ္ဓဟူးဆွမ်းလောင်းအသင်း၊ ၃၀ရက်တွင်ရန်ကင်းမြို့နယ်(၆)ရပ်ကွက်ဓမ္မာရုံ၊ ၃၁ရက်တွင် ပုဇွန်တောင်မြို့နယ် (၃) ရပ်ကွက်သီတာဆိပ်ဝင်း ပြည်တော်သစ်ရိပ်သာ ထေရဝါဒ အထူးတရားပွဲတို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂ လမ်း ရတနာမဥ္ဇူဓမ္မရိပ်သာတွင် တည်ဆောက်မည့် စိတ္တဝိဝေက ခြောက်ထပ်ကျောင်းတော်ကြီးအတွက် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နေ ဦးစံလှ-ဒေါ်ခင်စန်းဌေး၊ သားဗိုလ်ကြီးမင်းဟိန်း-ဒေါ်အုန်းမမအုန်း၊ မြေးမောင်အောင်မြင့်မြတ်၊ မောင်ဟိန်းထွန်းဦးမိသားစုတို့က ငွေကျပ်ငါးသိန်းကို ရတနာမဥ္ဇူဓမ္မရိပ်သာ ဦးစီးပဓာနနာယက ဆရာတော် ကမ္မဋ္ဌာနာစရိယအရှင်ဇေယျာနန္ဒ(ပုဂံ)ရှေ့မှောက်၌ ရေစက်ချလှူဒါန်းစဉ်။ (က-ပ)

တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်း သာယာလှပရေးအတွက် အောက်တိုဘာ၁၄ရက်က မြို့တွင်း ပိတောက်လမ်း လမ်းဘေးဝဲယာမှ သစ်ကိုင်းများနှင့် သစ်ပင်ချုံနွယ်များ ရှင်းလင်းရာ အမှုဆောင်အရာရှိ ဦးတင်ဇော်လင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူဝင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နိဗ္ဗာန်ရွှေဂူတောရရိပ်သာ မဟာရုံတံတိုင်းအတွက် ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၈

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်ကို အာရုံပြုလျက် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရပ်၌ ဇေယျဝတီဆရာတော်ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A)ဝါကပ်သီတင်းသုံးတည်ဆောက်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ မဟာရုံတံတိုင်းအတွက် မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်စန်းစန်းမြင့် ကန်အရှေ့ရပ် တောင်ကြီးမြို့က ငွေကျပ်ငါးသောင်း၊ အစ်ကိုဖြစ်သူ ကိုနေဝင်းအား ရည်စူး၍ ဒေါ်စန်းစန်းမြင့် ကန်အရှေ့ရပ် တောင်ကြီးမြို့က ငွေကျပ်ငါးသောင်း၊ ဦးလေး ဦးကျော်သိန်းအား ရည်စူး၍ ဒေါ်စန်းစန်းမြင့် ကန်အရှေ့ရပ် တောင်ကြီးက ငွေကျပ်ငါးသောင်း၊ အဝင်မုခ်ဦး သံတံခါး အလှူရှင် မိခင် ဒေါ်တင်တင်အေး၊ သမီး မဆင့်ဆင့်ဌေး အမှတ် ၂၅၄ ကန်ပတ်လမ်းပေါက်ချောင်းရပ်(၁)မိတ္ထီလာမြို့က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုပါက ဖုန်း - ၀၉-၅၁၃၇၀၈၆၊ ဦးတင့်လွင် ဖုန်း-၀၉-၅၀၀၄၅၅၂၊ ဦးဌေးမြင့် ဖုန်း-၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း-၆၆၁၅၅၃နှင့် ဦးမြင့်မောင် ဖုန်း- ၇၂၆၅၀၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေနံချောင်း-ဘုရားကုန်းလမ်း ကျေးလက်ကျောက်ချော လမ်းခင်းဆောင်ရွက်မှုကို စက်တင်ဘာ ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

စံပြစာကြည့်တိုက်များ မှတ်ပုံတင်ရေးဆွေးနွေး သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

စဉ့်ကူး အောက်တိုဘာ ၅

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စံပြစာကြည့်တိုက်များ မှတ်ပုံတင်ရေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက် နံနက်၁၀နာရီက ဝါးရုံကုန်းကျေးရွာ တံခွန်စံပြစာကြည့်တိုက်တွင် ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးတင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးမြင့်ခင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဦးဝင်းမောင်က စာကြည့်တိုက်တစ်ခု၏ လိုအပ်သော အင်္ဂါရပ်များ၊ ရည်ရွယ်ချက်များ၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊စာကြည့်တိုက်ကော်မတီဖွဲ့စည်းဆောင်ရွက်မှုနှင့် စာကြည့်တိုက်များ၊ မှတ်ပုံတင်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။ **(အပေါ်ယာပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေး ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တံခွန်စံပြစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တန်ဆောင်မုန်းလဆန်း ၁၀ ရက်
၃၀-၁၀-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ(ခေတ်မီစားဖိုဆောင်သုံးဟင်းခတ် ပစ္စည်းများ ထုတ်လုပ်မှုအကြောင်း)

၁၁:၄၀ သုတစုံစွာသိမှတ်စရာ (လူကိုစက်ဖြစ်အောင်လုပ်မည့် အကြောင်း) (သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၃၅ တေးသွားလှလှ မဟာဂီတ
(၁) ဘွေကဋ္ဌနာ(ဘွဲ့) (သဇင်နွယ်)
(၂) စံရာဘုံမြင့် (ကြိုး) (ခက်သက်ညို)
(၃) ချစ်သမျှကိုနှင့်လွဲမပစ်နိုင် (ပတ်ပျိုး) (ဝင်းဦး-တင်တင်မြ)

၁၃:၁၀ ပညာရေးအစီအစဉ် (ဒုတိယတန်း-သင်္ချာ) (ဂျီဩမေတြီဆိုင်ရာပုံသဏ္ဌာန်များ)

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ပျိုးလေးတို့ရွာလာခဲ့ပါ (ခင်ခင်ညွှန့်)
(၂) ထားမေတို့ရွာ (ရဲဘော်စိုးနိုင်)
(၃) ထိုးကွင်းလေးနဲ့ ခြင်းခတ်သူ (ဝေဝေသီ)

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇:၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဦးဖေဉာဏ်နှင့် တွေ့ဆုံဆွေးနွေးခြင်း)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဘယ်သောအခါလဲကွယ် (ကိုချစ်မြိုင်)
(၂) တစ်ပင်မှာ တစ်ခါပဲနားမယ် (ချိုချိုစမ်းလေး)
(၃) နှလုံးသားလေး ငိုနေတယ် (ကျောက်ပန်းတောင်း ကျော်လွင်)

ကမ္ဘာ့ဆရာများနေ့ ဒိုက်ဦး၌ကျင်းပ စာစီစာကုံး၊ကဗျာပြိုင်ပွဲ ဆုများချီးမြှင့်

ဒိုက်ဦး အောက်တိုဘာ ၁၅

ပဲခူးတိုင်း ဒိုက်ဦးမြို့၌ ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက်က အထက အောင်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးငွေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့်တို့က အမှာစကားပြောကြားကြပြီး အလက အေးသုခမှ ဆရာကြီး ဦးသန်းဝင်းက ဆရာများ ဂုဏ်ရည်အကြောင်း၊ တွဲဖက်အထက ဗျက်ကြီးမှ ဆရာကြီးဦးသန်းဝင်းကဆရာဘဝ၊ဆရာအလှအကြောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြည်က ဆရာမေတ္တာ ကြီးမားပုံ အကြောင်းတို့ကို အသီးသီး ဟောပြောကြသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် နှစ်နှစ်ဆက်တိုက် အောင်ချက် အမြင့်ဆုံးဆုရသော အိမ်ခြေလေးဆယ်တွဲဖက်အထက်တန်းကျောင်းမှ ဆရာမကြီးဒေါ်ခင်မာစန်းနှင့် ပဲခူးခရိုင်နွေရာသီဘာသာရပ် မွမ်းမံသင်တန်းတွင်ဆုရသော ဆရာ၊ ဆရာမများ၊ မြို့နယ်အဆင့် ဘာသာရပ်မွမ်းမံသင်တန်းတွင်ဆုရသော ဆရာ၊ ဆရာမများ၊ မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်းအဆင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော သားငါးဈေးဆိုင်များ ကျန်းမာရေး အထောက်အကူပြု ယင်လုံဆန်ခါဖြင့် ရောင်းချနေမှုကို အောက်တိုဘာ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေး၊ ဈေးတာဝန်ခံနှင့် ဈေးမိ ဈေးဖများ စစ်ဆေးကြစဉ်။ (၀၈၅)

(၁၁) ကြိမ်မြောက် အ-ထ-က (ကောလင်း) အာစရိယပူဇော်ပွဲ

အ-ထ-က (ကောလင်း)မှ အငြိမ်းစားယူသွားသော ဆရာ ဆရာမကြီးများအား (၁၁) ကြိမ်မြောက် ပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

နေ့ရက် – ၁၉-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)
အချိန် – နေ့လယ် (၁း၀၀) နာရီ
နေရာ – သဇင်ခန်းမ၊ အ-ထ-က (ကောလင်း)

(ရပ်နီးရပ်ဝေးမှ ဆရာ၊ဆရာမကြီးများ မပျက်မကွက်တက်ရောက်ကြပါရန်)

ဆက်သွယ်လှူဒါန်းရန်– ဒေါက်တာခင်သောင်း Ph:၀၇၅-၄၂၁၁၂

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/ ၅၆၄၀၉ ဟွန်ဒါ C-90 ကာစတန်ယာဉ် လက်ဝယ်ရှိသူ အမည် ဦးတင်မျိုးဇော် မှတ်ပုံတင်အမှတ် ၉/မရမ (နိုင်)၀၈၅၇၉၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လသာမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂၁ အေ မြေကွက်အမှတ် Northern $\frac{1}{2}$ of Southern $\frac{1}{2}$ of III 23 မြေကွက်တည်နေရာ အမှတ် ၅၂၊၁၈လမ်း လသာမြို့နယ် Ng Shu Hwa အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်Ng Shu Hwaနှင့်ခင်ပွန်း ဦးလင်လျှံဂုက်(ခ) လင်ဇွေကောင်(ခ)ဦးခင်မောင် ကွယ်လွန်သဖြင့် ဒေါ်လင်စောကြူးက တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ ယာဉ်မောင်း	(အမျိုးသား)	(၅) ဦး
၂။ ရုံးဝန်ထမ်း	(အမျိုးသမီး)	(၅) ဦး
၃။ အရောင်းဝန်ထမ်း	(အမျိုးသမီး)	(၅) ဦး
၄။ အထွေထွေလုပ်သား	(အမျိုးသား)	(၅) ဦး
၅။ ညစောင့်	(အမျိုးသား)	(၅) ဦး

အမှတ်စဉ်(၁) အတွက် ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၂)နှစ်ရှိရမည်။
အာမခံစပေါ်ငွေ (၃၀၀၀၀ိ)ကျပ် ပေးသွင်းနိုင်သူ ဖြစ်ရမည်။ ရန်ကုန်မြို့တွင်း နေထိုင်သူ ဖြစ်ရမည်။
အမှတ်စဉ်(၂၊ ၃)အတွက် ဘက်ထရီ တာယာလုပ်ငန်းအတွေ့အကြုံနှင့် မန္တလေးတွင် တာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးမည်။
အမှတ်စဉ်(၄)အတွက် ပစ္စည်းအသယ်အပို့လုပ်နိုင်သူ ဖြစ်ရမည်။
အမှတ်စဉ်(၁ မှ ၅ အထိ) လျှောက်ထားသူများအားလုံးသည် အသက် (၂၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
အနည်းဆုံး (၆)လ တာဝန်ထမ်းဆောင်ရမည်။
လျှောက်ထားသူများအားလုံးသည် အလုပ်သမားမှတ်ပုံတင်၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ ၇ ရက်အတွင်း လျှောက်ထားနိုင်သည်။
ဆက်သွယ်ရန်။ ။ **ဝင်းဘက်ထရီနှင့် တာယာရောင်းဝယ်ရေး၊ အမှတ် ၂၃၅၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (တော်ဝင်နှင်းဆီခြံအနီး)**

ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈)
ရန်ကုန်တိုင်း တရားရုံးတော်၌
၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၉၇

၁။ သိက္ခာတော်ရဆရာ ဦးယောရှုလယ်မယ်(ဥက္ကဋ္ဌ)
၂။ သိက္ခာတော်ရဆရာ ဦးခေါင်ဆန်းအောင် (ဘဏ္ဍာထိန်း)
အမှတ်(၇-စီ) အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်။

နှင့်

၁။ သိက္ခာတော်ရဆရာ ဦးတခွန်ဖီ(ဒု-ဥက္ကဋ္ဌ)
၂။ သိက္ခာတော်ရဆရာ ဦးဒါနီအေးလှ (တွဲဖက်အတွင်းရေးမှူး)
၃။ သိက္ခာတော်ရဆရာ ဦးစောနွဲ့မန်းဟန် (စာရင်းစစ်-၁)
၄။ သိက္ခာတော်ရဆရာ ဦးပေါလု (စာရင်းစစ်-၂)
၅။ သိက္ခာတော်ရဆရာ ဦးရင်ထန်ဖုန် (အဖွဲ့ဝင်)
၆။ သိက္ခာတော်ရဆရာ ဦးကောဆာရဲ (အဖွဲ့ဝင်)
၇။ သိက္ခာတော်ရဆရာ ဦးအာခီထာဒီဂူး(အဖွဲ့ဝင်)
၈။ သိက္ခာတော်ဆရာ ဦးလှအောင်ကျော်(အဖွဲ့ဝင်)
အမှတ်(၇-စီ)အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်။

တရားလိုများ **တရားပြိုင်များ**

တရားလိုသိက္ခာတော်ရ ဆရာဦးယောရှုလယ်မယ် ပါ-၂ ဦးတို့က တရားပြိုင်သိက္ခာတော်ရ ဆရာဦးတခွန်ဖီ ပါ-၈ ဦးတို့အပေါ် တရားမကျင့်ထုံး ဥပဒေပုဒ်မ-၉၂ အရ ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်း အမှတ်(၇-စီ)တွင် တည်ရှိသည့် မြန်မာနိုင်ငံ ခရစ်တော်၏ အသင်းတော်ကော်မတီ၏ မြန်မာနိုင်ငံ ခရစ်တော်၏ အသင်းတော်ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းစည်းကမ်းကို လက်ခံ၍ တရားဝင်အတည်ပြု ပြဋ္ဌာန်းပေးပါရန်နှင့် အခြားလိုအပ်သည့် တရားဥပဒေအရ ပေးသင့်ပေးထိုက်သည့် သက်သာခွင့်များကို စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးစေလိုမှုစွဲဆိုထားပါသည်။

အဆိုပါ အမှုတွင် တရားလိုအဖြစ်သော်လည်းကောင်း၊ တရားပြိုင်အဖြစ်သော်လည်းကောင်း ပါဝင်လိုသူများသည် ဤရုံးတော်သို့ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက် (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်)နေ့ နံနက် ၁၀း၀၀ နာရီချိန်တွင် လာရောက်လျှောက်ထားနိုင်ကြောင်း ကြော်ငြာလိုက်သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

နန်းညွန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)၊ ရန်ကုန်တိုင်းတရားရုံး။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ဖော်ပြပါ ချည်ပျော့များအား အိန္ဒိယနိုင်ငံ(သို့မဟုတ်)တရုတ်နိုင်ငံမှ နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက်
1.	1/40' s 100 % Cotton Soft Twist Yarn (Grey)	70,000 Lbs
2.	1/30' s 100 % Cotton Soft Twist Yarn (Grey)	50,000 Lbs
3.	1/21' s Polyester 35 % Cotton 65% Soft Twist Yarn (Grey)	30,000 Lbs
4.	1/20' s (Colour)100 % Cotton Soft Twist Yarn	40,000 Lbs
5.	1/20' s (White)100 % Cotton Soft Twist Yarn	46,000 Lbs
	Total	2,36,000 Lbs

Country of Origrin; China / India Etc...

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်သို့ (၂၁-၁၁-၂၀၀၆)ရက် (၁၆း၀၀)နာရီတွင် နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို (၁-၁၁-၂၀၀၆)ရက်မှစတင်၍ အောက်ဖော် ပြပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း
ရောင်းဝယ်ရေးဌာန
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့.
ဖုန်း– ၅၆၁၈၅၂၊ ၅၇၉၀၃၇။

ကမာရွတ်မြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် အောက်တိုဘာ ၂၈

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍နယ်လှည့်စာကြည့်တိုက်၊ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့်ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က အမှတ် (၃) ရပ်ကွက် ပညာ့အလင်း စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေသွေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိန်နှင့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးတို့က ဖွင့်လှစ်ပေးသည်။ (**အပေါ်ပုံ**)

အခမ်းအနားတွင်ရပ်ကွက်ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးဟောပြောပြီး ဦးစီးမှူး ဒေါ်တင်တင်ဦးနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကျင်မီတို့က သုတစာပေနှင့်မဂ္ဂဇင်းမျိုးစုံ အုပ်၅၀စီ လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးရွှေသွေးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းတကော်မြို့ (အနောက်)စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ဘုံကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၈

ပဲခူးတိုင်းအင်းတကော်မြို့ အနောက်စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်တွင် ပဓာနနာယက ဆရာတော်(ဦးမဟာနာမ်)အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယအမှူးပြုသည့် ဝါဆိုသံဃာတော်များ၊ ပင့်သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၄ရက်)၌ စုပေါင်းကပ်လှူ ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဝန်ထမ်းအိမ်ရာ

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဝန်ထမ်းအိမ်ရာများ ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် အောက်တိုဘာ ၁ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စည်ပင်သာယာရေး ဦးစီးဌာန၏ ထောက်ပံ့ငွေဖြင့် ကန့်ဘလူမြို့ ရေပေးရေး တိုးချဲ့ဆောင်ရွက်လျက်ရှိရာ နှစ်လက်မ ရေမြှုပ်ပန့် တပ်ဆင်ခြင်းနှင့် ဂါလန် ၆၀၀၀ ဆံ့ ရေစင်တည်ဆောက်ပြီးစီးမှုကို စက်တင်ဘာ ၂၀ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးလှသိန်းအောင်နှင့် စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေမျိုးနိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (က-ပ)

မိုက်တီးလေးများဇာတ်သိမ်းပိုင်းဆက်လက်ပြသ ရွှေမိုးသည်းဇာတ်ကား မကြာမီရုံဝင်လာမည်

ရုပ်ရှင်သတင်းထောက်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်မြို့လယ် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် မိုက်တီးလေးများ ဇာတ်သိမ်းပိုင်း ဆက်လက်ပြသနေဆဲဖြစ်သည်။ မိုက်တီးလေးများ ပထမပိုင်းကို ရှေ့ဆောင်ရုံတွင် တစ်ဆက်တစ်စပ်တည်း ကြည့်ရှုလိုသူများအတွက် ဆက်လက်ပြသပေးလျက်ရှိသည်။

ပြသဆဲနိုင်ငံခြားကားများ

နေပြည်တော်ရုံတွင် Pirates of the Caribbean အက်ရှင်ဇာတ်ကား ရှုစားရမည်ဖြစ်ပြီး ရွှေဂုန်ရုံအပေါ်ထပ်၌ ရော်ဂျာမိုးပါဝင်ထားသော Moonraker ဂျိမ်းစ်ဘွန်း ဇာတ်ကား ပြသနေသည်။

အိန္ဒိယဇာတ်ကားများ

ရွှေဂုန်ရုံမြေညီထပ်တွင်ဆန်ဂျေးဒတ်၊ ဆိုဟီလ်ခန်း၊ ဆမီလာတို့ ခေါင်းဆောင်ပါဝင်ထားသော Maine Dil Tujhko Diya ဇာတ်ကား ရုံဝင်လာသည်။ ကားဝပ်ရှော့အလုပ်သမားလေးနှင့် သူဌေးသမီးမေတ္တာဇာတ်လမ်းတွင် သူဌေးကြီးက သဘောမတူ၍ ကြေးစားလူမိုက်ငှားရမ်းသတ်ခိုင်းသော ဇာတ်လမ်းကို ဇာတ်အိမ်တည်ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

မှုခင်းပညာပေး

မြို့မရုံတွင် Koyn Ki ဇာတ်ကား သစ်ဆက်လက်ပြသနေဆဲဖြစ်ပြီး ဆုထူးပန်ရုံတွင် Mohra တစ်ကျော့ပြန်ရုံဝင်လာသည်။ မှုခင်းပညာပေး ဇာတ်ကားဖြစ်သည်။

ဘုရင့်ရုံတွင် ရုံဝင်လာသော (Hulchul)အိန္ဒိယဇာတ်ကားမှာ ကျေးလက် ဘဝ သရုပ်ဖော်ဟာသဇာတ်ကားဖြစ်ပြီး ကရီနားကပူးရ်အဓိက ပါဝင်သရုပ်ဆောင်ထားသည်။

အနီရောင်မျက်စောင်း

ဇာတ်လမ်းနှင့်ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ရိုက်ကူးသည့် **အနီရောင်မျက်စောင်း**အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာမြရတနာနှင့် မဟာမြိုင်ရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ရွှေမိုးသည်းရုံတင်မည်

ရန်အောင်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ ဥက္ကာမင်းမောင်တို့ ပါဝင်သရုပ်ဆောင်ထားသော **ရွှေမိုးသည်း**ဇာတ်ကားမှာ မကြာမီရုံဝင်လာမည် ဖြစ်သည်။ ယင်းဇာတ်ကားမှာ အိမ်ထောင်ရေး ပညာပေး ဒရမ်မာဇာတ်ကား ဖြစ်သည်။ ။

(မြန်မာ့အလင်း)

မိုက်တီးလေးများ ဇာတ်သိမ်းပိုင်းမှ ဇာတ်ဝင်ခန်းတစ်ခန်း။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တူရကီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင်ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရီးဆပ်တေးရစ်အာဒိုဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကန့်ဘလူမြို့နယ် စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး အထောက်အကူပြု စိုက်ပျိုးမြေဧက ၂၀၀၀ အကျိုးပြုမည့် ပေကြီးရေလှောင်တမံဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာနက ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ပေကြီးရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ ပေကြီးရေလှောင်တမံကို တွေ့ရစဉ်။ (လယ်ယာဆည်မြောင်း)

ပေကြီးရေလှောင်တမံ

ပေကြီးရေလှောင်တမံသည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ပေကြီးကျေးရွာအနီး ရေဆင်းဧရိယာ ၃၄ စတုရန်းမိုင်ရှိသော ပေကြီးချောင်းပေါ်၌ တည်ဆောက်ထား။ မြေသားတမံသည် အမြင့် ၄၂ ပေ၊ အလျားပေ ၈၉၄၀ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၉၃၆၅ ဖြစ်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး နှစ်ပေအချင်းပြွန်ရှိကာ အလျားပေ ၈၀ ရှိ။ ပင်မရေပိုလွှဲသည် အကျယ်ပေ ၄၀၊ အလျားပေ ၇၁၀ (အဆောက်အအုံ) ပေ ၃၈၉၀ (မြေသားမြောင်း) ရှိပြီး အကူရေပိုလွှဲသည် အကျယ်ပေ ၈၀ (အဆောက် အအုံ) နှင့် အလျားပေ ၁၂၀၀ (မြေသားမြောင်း) ရှိ။ တူးမြောင်းမကြီးသည် အရှည် ၃ ဒသမ ၈ မိုင်ရှိကာ လက်တံမြောင်းများသည် ၅ ဒသမ ၄ မိုင်ရှိပြီး တူးမြောင်း အဆောက်အအုံ စုစုပေါင်း ၆၈ ခုပါရှိ။ ဆည်ရေပေးဝေနိုင်သည့် ဧကမှာ ၂၀၀၀ ဖြစ်ပြီး မိုးစပါးဧက ၁၀၀၀ နှင့် ကြံသီးနှံဧက ၁၀၀၀ ကိုလည်း ရေပေးဝေ စိုက်ပျိုးနိုင်မည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲဆက် ကျောက်စိမ်းအတွဲများ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းရောင်းချပွဲ ဆဋ္ဌမနေ့အဖြစ် ယနေ့နံနက် ၈ နာရီခွဲက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ကျင်းပသည်။

အပြိုင်အဆိုင်ဝယ်ယူ

နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၄ နာရီမှ ည ၉ နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၄၅ တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၈၁ တွဲကို ရောင်းချခဲ့ရသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ယနေ့နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၅ တွဲကို ရောင်းချခဲ့ရသည်။ ဆက်လက်၍ ကျန်ရှိသော ကျောက်စိမ်း အတွဲများကို ညပိုင်းတွင် ရောင်းချလျက်ရှိသည်။

ကျောက်စိမ်းအတွဲများကို သတ္တမနေ့ အောက်တိုဘာ ၂၉ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

29-10 (20) 1 10/29/06, 2:39 AM